ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday 28 February 2019 ၉၅၇၆

# e-Government စနစ် အမြန်ဆုံးထူထောင်ရန် အလွန်အရေးကြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**e-Government ဦးဆောင်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် e-Government ဦးဆောင်ကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

> **"e-Government Master Plan တွင် ပါဝင်နေသည့် အစိုးရ၏ Electronic ဝန်ဆောင်မှုများကို ပြည်သူအားလုံး သိရှိနားလည်ရေးအတွက် မြန်မာဘာသာစကားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ကွန်ပျူတာသုံး မြန်မာဘာသာစကားစနစ်ကို ပြုပြင်ရန်လိုအပ်ပါကြောင်း၊ ယခုအသုံးပြုနေသည့် Myanmar-3 Font ကိုမသုံးဘဲ International Standard Organization 10646 နှင့် ပိုမိုကိုက်ညီသည့် PyiDaungSu Font စနစ်နှင့် Keyboard ကို အသုံးပြုရန် ဦးတည်ရမည်"**

အစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် သတ်မှတ်ထားသည့် စီးပွားရေး ရည်ရွယ်ချက် ၁၂ ရပ်ထဲတွင် e-Government ကိစ္စပါဝင်ပါကြောင်း၊ ၎င်းတို့မှာ Data ID Card System၊ Digital Government Strategy နှင့် e-Government System ထူထောင်ရန်ဖြစ်ပါကြောင်း၊ ထိုသို့ ထူထောင်ခြင်းအားဖြင့် မိမိတို့နိုင်ငံသည် တိုးတက်နေသည့် ကမ္ဘာကြီးထဲသို့ ဝင်လာရုံတင်မကဘဲ မိမိတို့ရင်ဆိုင်နေရသည့် ပြဿနာများအတွက်ပါ ကျော်လွှားနိုင်မည့် အခွင့်အရေးများရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် e-Government စနစ်ကို အမြန်ဆုံးထူထောင်ရန် အလွန်အရေးကြီးပါကြောင်း။

**အဘက်ဘက်ကစဉ်းစားရ**

ယခုဆိုလျှင် လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများကို သွက်သွက်လက်လက် အရှိန်အဟုန်ဖြင့် ရှေ့ကိုဆက်တက်နိုင်မည်ဟု ထင်ပါကြောင်း၊ e-Government အတွက် အခြေခံကျသည့်ကိစ္စမှာ e-Government Integrated Data Center(e-GIDC) ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းနှင့်ပတ်သက်ပြီး အဘက်ဘက်က စဉ်းစားရပါကြောင်း၊ ယင်း Data Center တွင် ပြည်သူပြည်သားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် Data များရှိမည်ဖြစ်သည့်အတွက် လုံခြုံရေးသည် အရေးကြီးပါကြောင်း၊ ယနေ့ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် ဆက်သွယ်ရေးစနစ်များ အင်မတန်တိုးတက်နေသည့် တစ်ချိန်တည်းတွင် စိန်ခေါ်မှုများသည်လည်း ပို၍များလာပါကြောင်း၊ ယင်းတိုးတက်မှုများကို အပြုသဘောဆောင်သည့် တိုးတက်မှုများဖြစ်အောင် အစဉ်တစိုက် ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း။

e-Government Master Plan တွင် ပါဝင်နေသည့် အစိုးရ၏ Electronic ဝန်ဆောင်မှုများကို ပြည်သူအားလုံး သိရှိနားလည်ရေးအတွက် မြန်မာဘာသာစကားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ကွန်ပျူတာသုံး မြန်မာဘာသာစကားစနစ်ကို ပြုပြင်ရန်လိုအပ်ပါကြောင်း၊ ယခုအသုံးပြုနေသည့် Myanmar-3 Font ကိုမသုံးဘဲ International Standard Organization 10646 နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ »»**



# ကြေးမုံ

## အများပြည်သူအကျိုးစီးပွား မျှဝေခံစား

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သည်။ ၁၉၈၈ ခုနှစ်မတိုင်မီက ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးခဲ့သည်။ ပြည်သူလူထုအကျိုးစီးပွားမဖြစ်ထွန်းသည့် ထိုစနစ် ပြိုလဲပျက်စီးသွားပြီးနောက် မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ယနေ့ထက်တိုင် ဖြစ်ထွန်းလျက်ရှိသည်။

ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ ဈေးကွက်တွင် မည်သူမဆို လွတ်လပ်စွာယှဉ်ပြိုင်နိုင်သော စီးပွားရေးစနစ်ဖြစ်သည်။ တစ်နည်းဆိုလျှင် မိမိတို့၏အကျိုးစီးပွားအတွက် စားသုံးသူများအား အခွင့်အရေးပေး၍ လွတ်လပ်စွာယှဉ်ပြိုင်သော စီးပွားရေးစနစ်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ကို အရင်းရှင်စီးပွားရေးစနစ်ဟုလည်း ဆိုနိုင်သည်။

အရင်းရှင်စီးပွားရေးစနစ်ဟုဆိုသော်လည်း ကုန်ထုတ်လုပ်မှုဈေးကွက်ကို တစ်ဦးတည်းလက်ဝါးကြီးအုပ်ခွင့်မရဘဲ ဈေးကွက်တွင် တရားနည်းလမ်းကျစွာ အပြိုင်အဆိုင်ယှဉ်ပြိုင်ကြသဖြင့် စားသုံးသူများ အခွင့်အရေးပိုမိုရရှိကြသည့်စနစ်ဖြစ်ရာ မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံးရှိ ပြည်သူများက အသိအမှတ်ပြုလက်ခံထားသော စီးပွားရေးစနစ်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဈေးကွက်စီးပွားရေးစနစ်၏ အားသာချက်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက်တွင် ထုတ်လုပ်သူရော၊ စားသုံးသူပါ မျှဝေခံစားနိုင်မှုတို့ကြောင့် ယနေ့ကမ္ဘာပေါ်ရှိ အရင်းရှင်နိုင်ငံများသာမက ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံကြီးများသည်ပင် ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးနေကြသည်။

၂၁ ရာစုတွင် လက်ငင်းကြုံတွေ့နေရသည့် အရင်းရှင်စီးပွားရေး၊ ဈေးကွက်စီးပွားရေး၏ လွန်လွန်ကဲကဲ တိုးတက်ကြီးပွားလာမှုများကြောင့် စားသုံးသူအခွင့်အရေးများအတွက် မေးခွန်းထုတ်စရာဖြစ်လာသည်။ အစောပိုင်းကာလက လွတ်လပ်သောဈေးကွက်တွင် တစ်ဦးတည်းလက်ဝါးကြီးအုပ် ချုပ်ကိုင်မှုမရှိနိုင်သဖြင့် စားသုံးသူတို့အပေါ် ခေါင်းပုံဖြတ်အမြတ်မထုတ်နိုင်ဟု ထင်မြင်ယူဆခဲ့ကြသည်။

သို့သော် နည်းပညာစနစ် အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားလာသောအခါ၌ နည်းပညာကို အသုံးချသည့် ဈေးကွက်စီးပွားရေးနယ်ပယ်တွင် ပြည်သူများ မသိနားမလည်မှုနှင့် လက်လှမ်းမမီမှုတို့ကို အခွင့်ကောင်းယူကာ အမြတ်ထုတ်မှုများရှိလာသည်။ မကြာသေးမီရက်ပိုင်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ဆက်သွယ်ရေးသုံးစွဲသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်ကို ကြားသိရသည်။

ဒီမိုကရေစီခေတ်ကာလတွင် အများပြည်သူအကျိုးစီးပွားဟု ဆိုရာ၌ နည်းပညာကိုအသုံးချသည့် သုံးစွဲသူအရေအတွက်မှာ နိုင်ငံရှိ လူဦးရေထက်ပင်ကျော်လွန်နေသဖြင့် နည်းပညာအသုံးပြုဆက်သွယ်ရေးပစ္စည်းသုံးစွဲသူများကို အကြီးမားဆုံး အများပြည်သူအကျိုးစီးပွားဟု ခေါ်ဆိုရမည်ဖြစ်သည်။ ယခုအခါ သုံးစွဲသူများ၏ အကျိုးစီးပွားထက် နစ်နာဆုံးရှုံးမှု ပေးဆပ်ရမှုများကို တရားဝင်ထုတ်ဖော်ပြောကြားလာပြီဖြစ်၍ အများပြည်သူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

အများပြည်သူလက်ခံထားသည့် အရင်းရှင်စီးပွားရေး၊ ဈေးကွက်စီးပွားရေးဆိုသည်မှာ ပြည်သူ့အကျိုးကို ရှေးရှုသည့် လွတ်လပ်သောဈေးကွက်ယှဉ်ပြိုင်မှုသာဖြစ်သည်။ ပြည်သူလူထုအကျိုးအား အလေးထားခြင်းမပြုဟု အများပြည်သူက မှတ်ချက်ပြုလာပါလျှင် ခေါင်းပုံဖြတ်အမြတ်ကြီးစား အရင်းရှင်စီးပွားရေးစနစ်သာ ဖြစ်ပေလိမ့်မည်။

သို့ဖြစ်ရာ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၏ အကျိုးကျေးဇူးများကို ပြည်သူ ပြည်သား၊ အများပြည်သူအကျိုးစီးပွားများအတွက် မျှဝေခံစားပေးမည်ဆိုပါလျှင် အလွန်အကျွံအမြတ်ထုတ်မှုများ၊ ဈေးကွက်ဝေစု အနိုင်အထက်ပြုမှုများ၊ စားသုံးသူကို မထောက်ထားမှုများအား ရှောင်ရှားကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း၊ လောင်းကစားဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## (၁၇)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲနှင့် (၁၁)ကြိမ်မြောက် ကွန်ပျူတာနှင့် ဆက်သွယ်ရေး အနာဂတ်နည်းပညာ နိုင်ငံတကာစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

(၁၇)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲနှင့်(၁၁)ကြိမ်မြောက် ကွန်ပျူတာနှင့် ဆက်သွယ်ရေး အနာဂတ်နည်းပညာ နိုင်ငံတကာစာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာမောင်မောင်အေး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဧည့်ပါမောက္ခ အမေရိကန်နိုင်ငံမှ ဒေါက်တာမောင်မောင်ဌေး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့က အမှာစကားပြောကြားကြသည်။

**ပူးပေါင်းကျင်းပ**

အဆိုပါစာတမ်းဖတ်ပွဲကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သုတေသနဆောင်ရွက်သူများအတွက် စွမ်းရည်မြင့်မားစေရန်၊ နိုင်ငံတကာ၏ IT နည်းပညာများနှင့် ရင်ပေါင်တန်းနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Nagoya Institute of Technology တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**စာတမ်းဖတ်ပွဲ**

"နိုင်ငံတကာ သုတေသနအဖွဲ့အစည်းတွေ၊ ပြည်တွင်း၊ ပြည်ပ ICT Industries တွေ၊ သုတေသနကျောင်းသား ကျောင်းသူတွေအတွက် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းတွေရယ်၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေရဲ့ နည်းပညာဆိုင်ရာအတွေ့အကြုံတွေကို ပူးပေါင်းဆောင်ရွက် ဖလှယ်နိုင်တာကြောင့် ICT ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုတဲ့ စာတမ်းဖတ်ပွဲဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိ အသုံးပြုနေကြတဲ့ နည်းပညာနယ်ပယ်တွေကို ဆွေးနွေးကြမှာဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ ကိုက်ညီတဲ့နယ်ပယ်တွေ၊ သုတေသနလုပ်ငန်းတွေကို လေ့လာသိရှိခွင့်ရပြီး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်လာမယ်လို့ ယူဆပါတယ်" ဟု ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က ပြောသည်။

အဆိုပါစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ကနေဒါ၊ မလေးရှား၊ ထိုင်ဝမ်၊ အီတလီတို့မှ ပညာရှင်များက သုတေသနစာတမ်းပေါင်း ၉၅ စောင် ဖတ်ကြားတင်သွင်းကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နွေရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေး ဟောပြောသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေးတွင် နွေရာသီမီးဘေးအန္တရာယ်ကာကွယ်ရေး အသိပေးဟောပြောသရုပ်ပြမှုကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဈေးတာဝန်ခံ ဦးကျော်စိန်ဝင်း၊ ဈေးအကျိုးတော်ဆောင် ဦးအုံးရွှေနှင့် ဈေးသူ ဈေးသားတို့အား သုခသိဒ္ဓိနယ်မြေ မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့်အဖွဲ့က မီးဘေးအန္တရာယ် အသိပေးဟောပြော၍ လက်တွေ့သရုပ်ပြမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်(ရွှေဈေး) ၁၀၇၀၀၀၀ - ၁၀၇၀၀၀၀ မန္တလေး(ရွှေဈေး) ၁၀၇၀၀၀၀ - ၁၀၇၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၉၂၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၅/၈၃၀ ကျပ် | ၈၈၀/၈၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၄၀ ကျပ် | ၇၈၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၃၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၈ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၄.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၂၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၁.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၃၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၅.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၃.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

»»» ရှေ့ဖုံးမှ

ပိုမိုကိုက်ညီသည့် PyiDaungSu Font စနစ်နှင့် Keyboard ကိုအသုံးပြုရန် ဦးတည်ရမည်ဖြစ်ပါကြောင်း၊ နောင်တွင် တိုင်းရင်းသားဘာသာစကားများ ဖြင့်ပါ e-Government System ထိထိရောက်ရောက်သုံးနိုင်မည့် အခြေအနေကို ရောက်ရှိမည်ဖြစ်သည့်အတွက် ယင်းစနစ်ကို အရေးတကြီး လုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ Tele Density မှာ ၁၀၀ ရာခိုင်နှုန်းကျော်ရှိပြီး Internet အသုံးပြုမှုမှာ ၈၀ ရာခိုင်နှုန်းကျော်ရှိပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူပြည်သားများသည် ခေတ်နှင့်အညီလိုက်၍ နည်းပညာများကိုအသုံးပြုနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏စနစ်များသည်လည်း ခေတ်နှင့်အညီဖြစ်ရန် အရေးကြီးပါကြောင်း၊ Data Security၊ Data Privacy၊ Data Sharing စသည့် ကိစ္စရပ်များတွင် ပြည်သူပြည်သားများနှင့် နိုင်ငံ၏လုံခြုံမှုကို ကာကွယ်သည့် အနေဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ Cyber Law and Policy အပေါ်တွင် အများပြည်သူ၏ သဘောထားများကိုတောင်းခံပြီး ပြည်တွင်းပြည်ပက အသိပညာရှင်များက ဝိုင်းဝန်းအကြံပြုနေသည်ဟု သိရပါကြောင်း၊ ယင်းအကြံပြုချက်များထဲမှ မိမိတို့နိုင်ငံအတွက် သင့်တော်သည့် အကောင်းဆုံး နည်းလမ်းများကို ရွေးချယ်ပြီး အနာဂတ်အတွက် ပြင်ဆင်သွားရမည်ဖြစ်ပါကြောင်း။

**ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာ**

မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဌာနများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုရှိမှသာ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်ပြီး ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရယူပြီး လုပ်ငန်းဆောင်ရွက်နေသည့် မိုလ်ဘိုင်းအော်ပရေတာများနှင့် ကုမ္ပဏီအသီးသီးကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြောကြားထားပြီးဖြစ်ပါကြောင်း၊ အလုပ်လုပ်ရာတွင် လွယ်ကူအောင် ဆောင်ရွက်ပေးခြင်းသည် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံစေလို၍ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများတိုးတက်စေလို၍ ဖြစ်ပါကြောင်း၊ သို့သော် စည်းကမ်းရှိရမည်ဖြစ်ပါကြောင်း၊ တိုးတက်စေလိုသည်၊ ရင်းနှီးမြှုပ်နှံစေလိုသည် ဆိုသည့် စိတ်တစ်ခုတည်းဖြင့် "လုပ်ချင်တာလုပ်ပါစေ"ဟု အားလုံးအလိုလိုက်နေပါက ရေတိုတွင် အကျိုးအမြတ်ရှိနိုင်သော်လည်း ရေရှည်တွင် ပြဿနာများစွာပေါ်လာနိုင်သည်ကို မိမိတို့အနေဖြင့် သတိပြုရန်အရေးကြီးပါကြောင်း။

ယခုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထိခိုက်ဆုံးကိစ္စတစ်ခုဖြစ်သည်ဟု အကြိမ်ကြိမ်ပြောကြားခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အချင်းချင်းအကြားတွင် ပူးပေါင်းဆောင်ရွက်မှု ရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရ အကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုရှိရမည်ကို သတိပေးလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုရှိမှသာ မြန်မြန်ဆန်ဆန် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း။

**အဓိကထား ဆွေးနွေးစေလို**

e-Government အကောင်အထည်ဖော်ရာတွင် ID ကတ်များသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြဿနာတချို့သည် ID စနစ် ရှိခြင်းအားဖြင့် များစွာသောပြဿနာများကို ကျော်လွှားသွားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းကို သတိပြုစေလိုပါကြောင်း၊ ယင်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်စေလိုပါကြောင်း၊ e-Government စနစ် စတင်အသုံးပြုနေသည့်ဌာနများနှင့် မသုံးရသေးသည့် ဌာနများအကြားတွင် ဆွေးနွေးစေလိုပါကြောင်း၊ အသုံးပြုခြင်းအားဖြင့် မည်သည့်အကျိုးအမြတ်များရှိသည်၊ မည်သည့်အားနည်းချက်များရှိသည်ကို အဓိကထား ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်အစိုးရအနေဖြင့် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် e-Government ဦးဆောင်ကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ်ဦးဆောင်၍ လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် e-ID စနစ်လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီ(၈)ခု၊ e-ID စနစ်လုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီ(၆)ခုနှင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ဦးဆောင်ကြီးကြပ်မှုအဖွဲ့နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုတို့တွင် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

> **e-Government စနစ် မြန်မြန်တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်(၃)ချက်ဖြစ်သည့် ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို စတင်လုပ်ဆောင်ရန်နှင့် အစိုးရဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်**



e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

**အချိန်တစ်ခုသတ်မှတ်၍ ပြီးစီးအောင်ဆောင်ရွက်**

ပထမအကြိမ်အစည်းအဝေးတွင် e-Government ဦးဆောင်ကော်မတီနာယက က "e-Government စနစ် မြန်မြန်တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်(၃)ချက်ဖြစ်သည့် ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို စတင်လုပ်ဆောင်ရန်နှင့် အစိုးရဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း" လမ်းညွှန်ခဲ့မှုအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပထမအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၅)ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု(၂) ချက်ရှိခဲ့ပြီး ရေရှည်စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက် (၃)ချက်အပေါ် အချိန်တစ်ခုသတ်မှတ်၍ ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒုတိယအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၂၁)ချက်ချမှတ်ခဲ့ရာ (၅)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ(၁၆)ချက်အပေါ်တွင်လည်း သက်ဆိုင်ရာဌာန၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများကလည်း အမြန်ပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**အလျင်အမြန်အကောင်အထည်ဖော်နိုင်မည်**

ဆောင်ရွက်ဆဲလုပ်ငန်းများအနက် တစ်ခုဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ Economic Development Cooperation Fund (EDCF) မှ ချေးငွေအမေရိကန်ဒေါ်လာ ၉၃ ဒသမ ၇၇၉ သန်းဖြင့် တည်ဆောက်မည့် e-Government Integrated Data Center (e-GIDC) အကောင်အထည်ဖော်နိုင်ရန်အတွက် အချိန်ကာလ ၃ နှစ်ကျော်ခန့်ကြာမြင့်မည်ဟု သိရှိရပါကြောင်း၊ ချေးငွေရရှိရေးကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ e-Government စနစ်ကို အမြန်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ အဆင့်မီသည့် ပုဂ္ဂလိက Data Center တစ်ခုကိုငှားရမ်းအသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် "အဆင့်မီပုဂ္ဂလိက Data Center ငှားရမ်းနိုင်ရေးစိစစ်ရေးကော်မတီ" (၁)ခုကို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ e-Government ဆောင်ရွက်ရာတွင် အဓိကအရေးကြီးသည်မှာ Data Center ဖြစ်ပါကြောင်း၊ ချေးငွေရရှိရန် စောင့်ဆိုင်းစဉ်ကာလအတွင်း ပြည်တွင်းတွင် အဆင့်မီသည့် Data Center ကို ငှားရမ်းသုံးစွဲပါက e-Government စနစ်ကို အလျင်အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ISO (International Standard Organization) 10646 ဖြင့် ကိုက်ညီသည့် မြန်မာ Unicode ကိုစံစနစ်အဖြစ် "အမျိုးသားစံချိန်စံညွှန်းကောင်စီ"က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/ ၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီအသုံးပြုနိုင်ရေး လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ (Information Technology)နှင့်ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆိုက်ဘာဥပဒေထွက်ရှိအောင် ဆောင်ရွက်နေခြင်းအပေါ် လိုအပ်သည့်အကြံဉာဏ်များ ပေးကြစေလိုပါကြောင်း၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတစ်ခုချင်းအနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက အခြားဆပ်ကော်မတီများဖြင့် ညှိနှိုင်းပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီတင်ပြပြီး ဆုံးဖြတ်ချက်ရယူကာ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အချိန်မီပေးပို့တင်ပြ**

e-Government ဦးဆောင်ကော်မတီအနေဖြင့်လည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို နိုင်ငံတော်သမ္မတရုံးသို့ လစဉ်တင်ပြနေရသည့်အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် e-Government လုပ်ငန်းများအား အလေးအနက်ထားဆောင်ရွက်ကြပြီး တိုးတက်မှုအစီရင်ခံစာကို ဦးဆောင်ကော်မတီသို့ လစဉ်မပျက်မကွက် အချိန်မီပေးပို့တင်ပြသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသာဦးက e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ဆိုင်ရာဌာနများနှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက Radio Frequency Identification (RFID)စနစ် အသုံးပြုနိုင်ရေးကိစ္စ၊ နိုင်ငံတကာ Unicode စံ ISO 10646 ဖြင့် ကိုက်ညီသော PyiDaungSu Font စနစ်နှင့် Keyboard တို့ကို အစိုးရရုံးဌာနများ၌ လက်ရှိအသုံးပြုနေသော Myanmar3 Font နေရာတွင် အစားထိုးအသုံးပြုနိုင်ရေးကိစ္စ၊ နိုင်ငံတကာ Unicode စံ ISO 10646 ဖြင့် ကိုက်ညီသော မြန်မာ Unicode စနစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်မည့် Migration အစီအစဉ်၊ ဝန်ကြီးဌာနများ၊ နိုင်ငံတော်အဖွဲ့အစည်းများအတွက် Domain Name နှင့် e-mail လိပ်စာသတ်မှတ်နိုင်ရေးကိစ္စတို့ကို ရှင်းလင်းတင်ပြကြပြီး e-Government ဦးဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ကို ရယူကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဖိတ်ကြားထားသူများက e-Government လုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက ဦးသောင်းတင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## အခွန်အယူခံခုံအဖွဲ့ ရုံးလုပ်ငန်းအတွက် အသွင်ကူးပြောင်းရေးကာလသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ အမှတ် ၃၂ / ၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**အခွန်အယူခံခုံအဖွဲ့ရုံးလုပ်ငန်းအတွက်**
**အသွင်ကူးပြောင်းရေးကာလသတ်မှတ်ခြင်း**

အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အသွင်ကူးပြောင်းရေးကာလကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၄၀ အရ သတ်မှတ်လိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။




မစ္စတာ စွန်းဂေါ်ရှန်း ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် လှဖိုးခေါင်ကြားစခန်းတွင် မြန်မာနိုင်ငံအစိုးရမှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လေ့လာကြည့်ရှုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီ ဆောင်ရွက်ပေးမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မစ္စတာ စွန်းဂေါ်ရှန်းသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံအစိုးရမှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လေ့လာကြည့်ရှုရန် လှဖိုးခေါင်ကြားစခန်း၊ ရွှေဇားကျေးရွာနှင့် မင်းကန်ကျေးရွာတို့သို့ သွားရောက်ခဲ့သည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန် တရုတ်နိုင်ငံက Sinotruk Howo မော်တော်ယာဉ် အစီး ၂၀ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက Sinotruk Howo မော်တော်ယာဉ်အစီး ၂၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အားပေးထောက်ခံ**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အစဉ်တစိုက် အားပေး ထောက်ခံလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များအတွက် ကူညီမှုတစ်ရပ်အနေဖြင့် မော်တော်ယာဉ်အစီး ၂၀ ကို လှူဒါန်းရန် ဆုံးဖြတ်ခဲ့ပါကြောင်းနှင့် မြန်မာအစိုးရ၏ ဦးဆောင်ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ရခိုင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်ဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူစာချုပ်အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်အောင် အစစအရာရာ စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေး စခန်း နှစ်ခုနှင့် ကြားစခန်း တစ်ခုတို့မှ ပြန်လည်နေရာချထားပေးမည့် သက်ဆိုင်ရာနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားသော်လည်း ထပ်မံလိုအပ်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မော်တော်ယာဉ်အစီး ၂၀ လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် လိုအပ်သည့်အခါတိုင်းတွင် ပူးပေါင်းကူညီဆောင်ရွက်မှုများ ရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်**

ဆက်လက်၍ တရုတ်နိုင်ငံ သံအမတ်ကြီးက မော်တော်ယာဉ်များနှင့်သက်ဆိုင်သည့် လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့တို့သည် ပေးအပ်လှူဒါန်းသည့် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရှင်းလင်းဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် လက်ခံရေးစခန်းနှစ်ခု၊ ကြားစခန်းတစ်ခု ပြင်ဆင်ထားရှိမှု အခြေအနေ၊ လက်ခံပြီးနောက်ပြန်လည်နေရာချထားရေး၊ အိမ်ရာများဆောက်လုပ်ပေးနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီစေရေးစသည်တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ထားရှိမှုများ၊ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုး၍ ဆောင်ရွက်နေမှုအခြေအနေများ၊ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံ ခရီးစဉ်ပြီးဆုံး၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုလသမဂ္ဂရုံးချုပ်သို့သွားရောက်၍ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်က နေရပ်စွန့်ခွာမှုများအတွက် တည်ဆောက်ပေးမည့် နမူနာအိမ်ပုံစံအား လိုက်လံပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နွေရာသီအခြေခံ အားကစားသင်တန်းများ နေပြည်တော်တွင် ဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
နွေရာသီ ကျောင်းပိတ်ရက်တွင် အခြေခံအားကစားသင်တန်းများ နေပြည်တော်တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

နွေရာသီအခြေခံအားကစားသင်တန်းများကို နေပြည်တော်ရှိ ကျောင်းများတွင် အားကစားနည်း ရှစ်မျိုးဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၃ ရက်အထိ အားကစားနည်းအလိုက် နည်းပြအင်အား ၁၄၇ ဦး တာဝန်ပေး၍ ကျောင်းသား ကျောင်းသူများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားအခြေခံနည်းပညာများ စနစ်တကျတတ်မြောက်စေရန်၊ အားကစားကို စိတ်ပါဝင်စားလာစေရန်၊ နောင်တစ်ချိန်တွင် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း- မြန်မာ သံတမန်ဆက်သွယ်မှု (၂၅) နှစ်မြောက်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း - မြန်မာ သံတမန်ဆက်သွယ်မှု (၂၅) နှစ်မြောက် အထိမ်းအမှတ်ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅) နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း - မြန်မာသံတမန်ဆက်သွယ်မှု (၂၅) နှစ်မြောက် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Abdu'r Rahmani Dato Basir နှင့်ဇနီး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲ အခမ်းအနားကျင်းပမည့် Kempinski Hotel သို့ ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Abdu'r Rahmani Dato Basir နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Dato Abdu'r Rahmani Dato Basir နှင့်ဇနီးတို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အမှတ်တရ ပန်းစည်းပေးအပ်သည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း - မြန်မာ သံတမန်ဆက်သွယ်မှု (၂၅)နှစ်မြောက် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်အလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Dato Abdu'r Rahmani Dato Basir က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားနေ့နှင့် ဘရူနိုင်း - မြန်မာ သံတမန်ဆက်သွယ်မှု (၂၅)နှစ်မြောက် အထိမ်းအမှတ် ညစာစားပွဲ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မျိုးစေ့အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းများကို ပြည်ပအကူအညီများနှင့် အရည်အသွေးမြင့်တင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် အတည်ပြုခဲ့သည်။

## ကော်မတီအဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်အဖြစ် ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်အား လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ် ကြံ့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းအား လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်မည်ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမိုတို့အား သီးခြားတာဝန်ပေးအပ်ရန်ရှိသောကြောင့် ကော်မတီအဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်၏ ဆန္ဒရယူ အတည်ပြုသည်။

## အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်း

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး လျာထားသည့် အဖွဲ့ဝင်များအဖြစ် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ လောင်းလုံမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကုန်ချမ်း၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ရွှေပုံ၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မိုမိုလွင်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ချို၊ ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်နှင့် အတွင်းရေးမှူးအဖြစ် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မိုမိုလွင်တို့အား တာဝန်ပေးအပ်ရန် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ပိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ **ပိုင်းမော်မြို့နယ်တွင်ရှိသော ဝါရှောင်ရေလွှဲဆည်ကို အကြီးစားပြုပြင်တည်ဆောက်ပေးရန်နှင့် မြေသားတူးမြောင်းမကြီးအား ဆည်မြောင်းပုံစံကျ ကွန်ကရစ်အုတ်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝါရှောင်ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုသာမန်အသုံးစရိတ်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေလွှဲဆည်အကြီးစားပြုပြင်ခြင်းလုပ်ငန်းများနှင့် တူးမြောင်းမကြီး၏ လိုအပ်သည့် အပိုင်းများတွင် ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဗန်းမော်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံဆောင်ရွက်နေသော စာခမ်း-ဖော်ယောလမ်း ကျောက်ချောလမ်းခင်းခြင်း(၅)မိုင်အား ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသည့်အတွက် အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းနေရာအနီးရှိ ကျောက်များသည် သက်တမ်းနု၍ ပိုမိုကောင်းမွန်သော ကျောက်များရရှိနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်သည့် နေရာနှင့် ၁၅ မိုင်ခန့်ကွာဝေးသည့် နေရာမှ သယ်ဆောင်ရခြင်း၊ ကျောက်သယ်ယူပို့ဆောင်ရာတွင် မိုးတွင်းကာလ၌ လမ်းပျက်စီးမှုများဖြစ်ပေါ်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ခြင်းများ ရပ်ဆိုင်းထားရခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊

ကုမ္ပဏီမှ ပွင့်လင်းရာသီရောက်ရှိချိန်၌ ကျောက်စုပုံခြင်း၊ အောက်ခံမြေသားလမ်းပြုပြင်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာခမ်း-ဖော်ယောလမ်း ၅ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကုမ္ပဏီဒါရိုက်တာမှ ကတိဝန်ခံချက်ပြုခဲ့၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဖွံ့ဖြိုးကြီးကြပ်ရေးရုံးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းပြီးစီးအောင် မျက်ခြည်မပြတ်တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကုမ္ပဏီအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နောင်ပြုလုပ်မည့်တင်ဒါလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ပိတ်ပင်သွားမည်ဖြစ်ပြီး ကတိဝန်ခံချက်အတိုင်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြီးစီးမှုမရှိပါက ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့ဝင်အားလုံးအား (Black List) ကြေညာ၍ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ လှိုင်ဘွဲ့ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလုနှင့် မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းသန်းလင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးလှကျော်နှင့် ဗိုလ်ချုပ်သန်းထွဋ်တို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း တင်သွင်းသည့် **နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးက စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကအခြေခံအကျဆုံး လိုအပ်ချက်သည် မျိုးစေ့ဆိုသည်ကို အားလုံးလက်ခံရမည့် အချက်ဖြစ်ပါကြောင်း၊ သီးနှံထွက်နှုန်း တိုးတက်စေလိုပါက အခြေခံအကျဆုံးဖြစ်သည့် မျိုးစေ့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမြင်ကျယ်ကျယ်ထားပြီး မဆောင်ရွက်ပါက ကျန်နေသည့် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ မည်မျှပင် ကောင်းနေပါသော်လည်း အခြေခံမီဇမကောင်းသည့် မျိုးစေ့ကြောင့် အထွက်နှုန်းကို မျှော်မှန်းထားသည့်အတိုင်း ထွက်ရှိလာမည် မဟုတ်ပါကြောင်း။

မြောက်မြားလှသည့် သီးနှံအုပ်စုများအကြားတွင် ယခုလက်ရှိ သုတေသနလုပ်ငန်းပမာဏနှင့် ဆောင်ရွက်ရန် ပြည့်စုံလုံလောက်မှုမရှိနိုင်ဟု သုံးသပ်မိပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှသည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၏ ရန်ပုံငွေအားအပြင် နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့်လည်း စီမံကိန်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးကောင်း မျိုးစေ့များ၊ တောင်သူလယ်သမားများ တိုးမြှင့်သုံးစွဲလာသည်နှင့်အမျှ အထွက်နှုန်းနှင့် အရည်အသွေးကောင်း သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်သည့်အလျောက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် မျိုးစေ့အရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်းများကိုလည်း ပြည်ပအကူအညီများနှင့် အရည်အသွေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်ရှိအနေအထားတွင် တောင်သူလယ်သမားများ မျိုးကောင်း၊ မျိုးစေ့မျိုးသန့်များ သုံးစွဲနိုင်ရန်အတွက် စပါးသီးနှံသာမက အခြားအရေးကြီးသီးနှံများဖြစ်သည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကိုလည်း ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် လုံလုံလောက်လောက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလက်နက်ကောင်းတစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အလျောက် ယခုတင်သွင်းသည့် အဆိုသည် နိုင်ငံတော်အစိုးရ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာရန်အတွက် ဦးတည်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်ကောင်းကောင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို များစွာ အထောက်အကူပြုရာ ရောက်သည်ဟု သုံးသပ်ရရှိသည့်အတွက် လွှတ်တော်မှ အတည်ပြုပေးသင့်သည့် အဆိုဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို မတ် ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



ဒုတိယဝန်ကြီး ဦးလှကျော်



ပိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး



ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်စိုး



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်



ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း



မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး

# ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများကို Digital စနစ်သို့ ပြောင်းလဲပြီး ရုပ်ရှင်ပြသမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ဝယ်ယူသူများအား အကြောင်းကြားခဲ့ပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် အဆို (၁) ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မင်းဘူးမြို့ရှိ လှသီရိ ရုပ်ရှင်ရုံကို လတ်တလောတွင် အဆင့်မြင့် ရုပ်ရှင်ရုံသစ်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း မရှိသေး



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မကြီး



ဒုတိယဝန်ကြီး ဦးသာဦး



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်း

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက် ဦးဩဘာသလမ်းမပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော လှသီရိရုပ်ရှင်ရုံအဟောင်းအား ဖျက်သိမ်းပြီး အဆင့်မြင့်ရုပ်ရှင်ရုံ အသစ်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ "လှသီရိ" ရုပ်ရှင်ရုံကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၉၆၉ ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၈)ဖြင့် ပြည်သူပိုင်သိမ်းယူပြီး နိုင်ငံပိုင်ရုပ်ရှင်ရုံအဖြစ် အသုံးပြုခဲ့ပါကြောင်း၊ ထို့နောက် အဆိုပါရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ၂၀၀၂ ခုနှစ် ဇူလိုင် ၂၆ ရက်စွဲပါ အမိန့်အမှတ် (၁၀/ ၂၀၀၂) အရ ပုဂ္ဂလိကလုပ်ငန်းရှင် ဒေါ်ခင်ဥမ္မာကျော်သို့ ငွေကျပ် (၅ ဒသမ ၀၅) သန်းဖြင့် အပြီးအပိုင် ရောင်းချခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံကို လွှဲပြောင်းရောင်းချခြင်း သဘောတူစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအရ ဝယ်ယူသူအနေဖြင့် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်ဖြစ်ပြီး ရုပ်ရှင်ရုံအဟောင်းကိုလည်း ရုပ်ရှင်ပြသနိုင်သည့် အဆောက်အအုံအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၀ ခုနှစ် ဧပြီ ၅ ရက်တွင် ယင်းရုပ်ရှင်ရုံ အဆောက်အအုံ၏ အနောက်ဘက်ခြမ်း အလျား (၁၄၇)ပေ၊ အမြင့် (၂၀ ပေ)ခန့်မှာ ပြိုကျခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံ အဆောက်အအုံသည် ဧရာဝတီမြစ်နှင့်ကိုက် (၃၀၀ - ၄၀၀) ခန့်သာ ကွာဝေးခြင်းကြောင့် နှစ်စဉ် မြစ်ရေတက်မှုနှင့် သက်တမ်းကြာမြင့်မှုတို့ကြောင့် ဆွေးမြည့်နေပြီဖြစ်သည့်အတွက် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရုံးအမိန့်အမှတ်၊ (၁၅/ ၂၀၁၀)ဖြင့် အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းအမိန့်စာထုတ်ပြန်ချက်အရ ယခင်ရုပ်ရှင်ပြသမှုစနစ်ဟောင်း (Analogue) စနစ်ဖြင့် ရုပ်ရှင်ပြသခြင်းကို ရပ်ဆိုင်းခဲ့ပါကြောင်း။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က အပြီးအပိုင် ရောင်းချခဲ့သည့် နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိသည့် ရုပ်ရှင်ရုံများကို Digital စနစ်သို့ ပြောင်းလဲပြီး စာချုပ်ပါ ကတိကဝတ်များအတိုင်း ရုပ်ရှင်ပြသမှုလုပ်ငန်း ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၏ ယခင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက ရုပ်ရှင်ရုံဝယ်ယူသူများအားလုံးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါကြောင်း။

ထို့နောက် ရှေ့လုပ်ငန်းစဉ်ဖြစ်သည့် Digital စနစ်ဖြင့် ပြသသည့် ရုပ်ရှင်ရုံအဖြစ် ပြောင်းလဲတည်ဆောက်နိုင်မည့် အဆိုပြုချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်မှစ၍ (၁)လအတွင်း တင်ပြရန်နှင့် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရုပ်ရှင်ရုံဝယ်ယူသူအားလုံးကို ၂၀၁၅ခုနှစ် ဇူလိုင် ၁၄ ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ပါကြောင်း၊ လှသီရိ ရုပ်ရှင်ရုံဝယ်ယူသူကိုလည်း မူလလုပ်ငန်းဖြစ်သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲပြီး ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါကြောင်း။

ယင်းရုပ်ရှင်ရုံဝယ်ယူသူက ရုပ်ရှင်ရုံပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် အဆင့်မြင့် Digital ရုပ်ရှင်ပြသမှုစနစ်တပ်ဆင်ရန် ငွေကြေးအခက်အခဲကြောင့် အကျိုးတူလုပ်ကိုင်မည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများသို့ ဆက်သွယ်နေပါကြောင်း ၂၀၁၅ခုနှစ် ဩဂုတ် ၂၀ ရက်စွဲပါစာဖြင့် ပြန်လည်တင်ပြခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံ၏ မူလလုပ်ငန်းဖြစ်သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုကို ပြန်လည်တင်ပြရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပိုင်ရှင်ထံ ၂၀၁၈ခုနှစ် ဧပြီ ၃ ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ခုနှစ် ဧပြီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၈) အရ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူစီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ (၂၇)ရုံနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိသည့် ရုပ်ရှင်ရုံ(၉၄) ရုံ၊ စုစုပေါင်း ရုပ်ရှင်ရုံ (၁၂၁) ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်လျက်ရှိပါကြောင်း၊ မင်းဘူးမြို့ရှိ လှသီရိ ရုပ်ရှင်ရုံ အပါအဝင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံ (၉)ရုံကိုလည်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မင်းဘူးမြို့ရှိ လှသီရိ ရုပ်ရှင်ရုံကို လတ်တလောအခြေအနေတွင် အဆင့်မြင့်ရုပ်ရှင်ရုံအသစ်တစ်ရုံအဖြစ် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဝယ်ယူသူ ဒေါ်ခင်ဥမ္မာကျော်အနေဖြင့် ယင်းရုပ်ရှင်ရုံကို Digital အဆင့်မြင့် ရုပ်ရှင်ရုံအဖြစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်သာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး၏ **ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်နှင့် ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်းပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လွှတ်တော်ကိုယ်စားလှယ် မေးခွန်းတွင်ပါရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုးကောင်းမြို့နယ်ရုံး ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ၁၉၅၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ၁၉၉၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မြေနေရာနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံယိုယွင်းပျက်စီးမှုများ ပြင်ဆင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး နားလည်တတ်ကျွမ်းသည့် အင်ဂျင်နီယာများဖြင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုံးအဆောက်အအုံများကို ဦးစားပေးပြုပြင်တည်ဆောက်နေရပါသဖြင့် အဆိုပါဝန်ထမ်းအိမ်ရာ အဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်မရှိဘဲ လိုအပ်သည့် ပြင်ဆင်မှုများကိုသာ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဘဏ္ဍာငွေကန့်သတ်ချက်အရ ယင်းရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်း တည်ဆောက်ပေးရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်းနှင့် စေတနာရှင်/ အလှူရှင် သို့မဟုတ် BOT စနစ်ဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ ပေါ်ပေါက်လာမှသာလျှင် တည်ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဂွမြို့လေယာဉ်ကွင်းကို အဆင့်မြှင့်တင်ရန် အစီအစဉ် မရှိသေး

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၏ **၁၉၈၂ခုနှစ်ကပင် ရပ်နားထားခဲ့သည့် ရခိုင်ပြည်နယ် ဂွမြို့ လေယာဉ်ကွင်းမှ လေယာဉ်ခရီးစဉ်များကို မည်သည့်အချိန်မှစတင်၍ ပျံသန်းပြေးဆွဲသွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက လက်ရှိဂွလေယာဉ်ကွင်း မြေနေရာတွင် ပြည်တွင်းလေကြောင်းလိုင်းများ လက်ရှိ အသုံးပြုနေသော ATR-72 လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းကို အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဂွလေယာဉ်ကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းသည် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က ၂၀၁၄ ခုနှစ်တွင် ရေးဆွဲပေးခဲ့သော မြန်မာနိုင်ငံ National Transport Master Plan နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်မည့် လျာထားစီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိသောကြောင့် လေယာဉ်ခရီးစဉ်ပျံသန်းမှုများပြားခြင်း၊ လေယာဉ်ကွင်းများတွင် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်အသုံးပြုနိုင်ရေးအတွက် နှစ်စဉ်ခွင့်ပြုရရှိသည့် ဘဏ္ဍာရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် ဂွလေယာဉ်ကွင်းကို အဆင့်မြှင့်တင်ရန် အစီအစဉ်မရှိသေးပါကြောင်း။

သို့ရာတွင် အနာဂတ်ကာလ၌ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်တင်ပြသွားသည့် ဂွမြို့နယ်၏ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က ချမှတ်သည့် မူဝါဒအရ ဂွလေယာဉ်ကွင်းကို တိုးချဲ့တည်ဆောက်ရန် လိုအပ်လာသည့် အချိန်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သို့မဟုတ် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ပြီး PPP စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင် လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရန် လျာထားအစီအစဉ် မရှိပါသဖြင့် ဂွလေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲရန် ပြန်လည်စတင်နိုင်မည့် အချိန်ကို ခန့်မှန်း၍ မရသေးပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုပေးရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းက ထောက်ခံသည်။

**စာမျက်နှာ ၉ သို့ ❖**

# အာဆာအကြမ်းဖက်အဖွဲ့မှ အစုအပြုံလိုက် သတ်ဖြတ်မှုများကိုဖော်ပြသည့် အစီရင်ခံစာများအား လျစ်လျူရှုထား သက်သေအထောက်အထား လုံလောက်စွာ ဖော်ပြမှုမရှိဘဲ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကောက်ချက်ချမှုများကန့်ကွက်

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၇**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ၏ အကြိမ် (၄၀) မြောက် ပုံမှန်အစည်းအဝေး အဆင့်မြင့်ကဏ္ဍသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် လူ့အခွင့်အရေးကောင်စီမှ လိုက်နာသင့်သည့် မူဝါဒများ၏ အရေးပါမှုနှင့်ပတ်သက်၍လည်းကောင်း၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းဆောင်ရွက်နေမှုနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် ထိပ်တိုက်တွေ့ခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းတို့အစား ဆွေးနွေးမှု၊ အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း၊ ကောင်စီမှ လွတ်လပ်စွာ ဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးထားသည့်ပုဂ္ဂိုလ်/ယန္တရားများအနေဖြင့် လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ဂုဏ်သိက္ခာစောင့်ထိန်းမှုတို့ကို တိကျစွာ လိုက်နာရန်နှင့် မည်သူမဆို မိမိတို့၏ ပြောဆိုရေးသားအစီရင်ခံချက်များအတွက် တာဝန်ယူမှုရှိရန် လိုအပ်ကြောင်း။

**ထောက်ပြရှင်းလင်း**

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ယင်းပြည်သူများ၏ လူ့အခွင့်အရေး ဖော်ဆောင်ရေးအတွက် ပဏာမတာဝန်ရှိသည်ဟူသောအချက်ကို အသိအမှတ်ပြုကြရန်နှင့် ယင်းနိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုနောက်ခံအခြေအနေများ၊ လူသားစွမ်းဆောင်ရည် လိုအပ်ချက်များသာမက ယင်းနိုင်ငံတစ်နိုင်ငံချင်း၌ ကြုံတွေ့နေရသော အခြားစိန်ခေါ်မှုများနှင့် ရှုပ်ထွေးမှုများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထောက်ပြရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ထားသည့် အရပ်သားအစိုးရ စတင်အုပ်ချုပ်ချိန်မှစ၍ မြန်မာနိုင်ငံအတွင်းပြည်သူများအနေဖြင့် လွတ်လပ်မှုနှင့် ဒီမိုကရေစီအခွင့်အရေးများကို ပိုမိုရရှိခံစားကြလျက်ရှိကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှု-စီးပွား ကဏ္ဍများတွင် မြင်သာသည့် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (MSDP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီက အာဏာရပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပါရှိသည့် ဒီမိုကရေစီနှင့် ကိုက်ညီမှုမရှိသော ဖော်ပြချက်များကို ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်လျက်ရှိကြောင်း။

**အရေးတကြီးလိုအပ်မှု**

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို (၃) ကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးအတွက် အခြေခံမူဝါဒ (၅၁) ရပ်ကို ချမှတ်နိုင်ခဲ့ခြင်းနှင့် ညီလာခံ၏ ရှေ့လုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့ လက်မှတ်ရေးထိုးခဲ့ခြင်းနှင့် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးအတွက် အစိုးရမှ ကြိုးပမ်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ တပ်မတော်အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ လေးလကြာ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်ဆိုင်းပေးထားမှုနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက “အေအေ” သောင်းကျန်းသူတို့က စတင်တိုက်ခိုက်ရာမှ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေမှုကြောင့် အခြေအနေကို ပိုမိုရှုပ်ထွေးလာရမှုအား လည်းကောင်း အသိပေးပြောကြားခဲ့ပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရေး အရေးတကြီးလိုအပ်မှုကို အလေးပေးဖော်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက “လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို လမ်းခင်းပေးနိုင်သလို ပဋိပက္ခနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း အဆုံးသတ်ပေးနိုင်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရှင်းလင်းပြောကြားစဉ်။

**သဟဇာတဖြစ်စွာ နေထိုင်လျက်ရှိ**

ဆက်လက်၍ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် သိမ်မွေ့သော ဒီမိုကရေစီ ကူးပြောင်းရေးကြိုးပမ်းဆောင်ရွက်ရာ၌ စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရဆဲဖြစ်၍ နိုင်ငံတကာ၏ ဆက်လက်ကူညီပံ့ပိုးမှုကို လိုအပ်နေချိန်တွင် ကမ္ဘာက ရခိုင်ပြည်နယ်အရေးကိစ္စကို အဆိုးမြင်ရှုထောင့်မှသာ အမြင်ကျဉ်းမြောင်းစွာ အာရုံစိုက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံကို ဦးတည်ဆန့်ကျင်တိုက်ခိုက်နေကြသည့် သတင်းမီဒီယာများက ကျယ်ပြန့်သော လှုပ်ရှားမှုများဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးကိစ္စအား ဘာသာရေးဖိနှိပ်မှုပြဿနာအဖြစ် မမှန်မကန်ပုံဖော်နေကြကြောင်း၊ ယင်းမှာ ဘာသာရေးဖိနှိပ်ချုပ်ချယ်မှုမဟုတ်သကဲ့သို့ ကိုးကွယ်ယုံကြည်မှုကွဲပြားသူများအကြား ပဋိပက္ခလည်းမဟုတ်ပါကြောင်း၊ အမှန်မှာ ကိုလိုနီခေတ်ကတည်းက စတင်ခဲ့သည့် တရားမဝင်နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲမွဲတေမှု၊ တရားဥပဒေစိုးမိုးမှု လျော့နည်းပြီး အမျိုးသားလုံခြုံရေးကိစ္စတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြဿနာမျှသာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်များရှိနေလင့်ကစား နိုင်ငံအနှံ့အပြားတွင် မွတ်စလင်အများစုအပါအဝင် ယုံကြည်မှုကွဲပြားခြားနားသူများ သဟဇာတဖြစ်စွာ နေထိုင်လျက်ရှိကြောင်း။

**ရေရှည်တည်တံ့သည့် ဖြေရှင်းမှု**

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သည့် ရဲကင်းစခန်းများသို့ အာဆာအကြမ်းဖက်များက ကြိုတင်အကွက်ချတိုက်ခိုက်မှုမှ စတင်သည့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းများနှင့်ပတ်သက်၍ မိမိတို့လည်း ထပ်တူစိုးရိမ်ပူပန်ပါကြောင်းနှင့် အာဆာ၏ အကြမ်းဖက်မှုများအား ကြောက်ရွံ့ခြင်းကြောင့် လူအမြောက်အမြား နေရပ်စွန့်ခွာမှုများဖြစ်ပွားစေခဲ့ကြောင်း ထောက်ပြခဲ့ပြီး ဥပဒေနှင့် မညီညွတ်သော အကြမ်းဖက်မှုများအား မည်သည့်ဘက်မှ ကျူးလွန်သည်ဖြစ်စေ ပြစ်တင်ရှုတ်ချကြရမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်ကိစ္စ၊ IDP စခန်းများပိတ်သိမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အား ဦးစားပေးကဏ္ဍ (၅) ရပ်အဖြစ်ရွေးချယ်၍ လုပ်ငန်းအစီအစဉ် ချမှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင် (ကိုဖီအာနန်ကော်မရှင်) ၏ အကြံပြုချက်အများစုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုကိုရှာဖွေသွားရန် အပြည့်အဝကတိကဝတ်ပြုထားကြောင်း။

**အကောင်းဆုံး နည်းလမ်းဖြစ်**

၂၀၁၇ ခုနှစ် နိုဝင်ဘာလက မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်တို့အကြား သဘောတူညီချက်များနှင့်အညီ ဆန္ဒအလျောက်၊ ဘေးကင်းလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်မည့် စိစစ်အတည်ပြုပြီးသူများအား လက်ခံရန် အဆင်သင့် ရှိမှုကို ထပ်လောင်းအတည်ပြုလျက် လက်ရှိတွင် အရေးအကြီးဆုံးတာဝန်တစ်ရပ်မှာ အခြားကိစ္စရပ်များအပေါ် အာရုံထားခြင်းထက် လူသားချင်းစာနာမှုအကျပ်အတည်းများကို ဖြေရှင်းရေးအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမြန်ဆုံး စတင်ရန် ဖြစ်ကြောင်း။

ပြန်လည်ဝင်ရောက်မည့်သူများအတွက် သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရေးအတွက် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) တို့နှင့်လည်းကောင်း၊ အာဆီယံမိတ်ဆွေနိုင်ငံများနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ UEHRD မှတစ်ဆင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများထံမှ ထည့်ဝင်ပံ့ပိုးငွေများကိုလည်း စုစည်းသုံးစွဲဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် “ရခိုင်ပြည်နယ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြပွဲ”ကို မကြာမီကကျင်းပခဲ့ကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပေးခြင်းသည်သာ အသိုက်အဝန်းများအကြား ပဋိပက္ခများကိုအဆုံးသတ်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း။

**ထပ်လောင်းအတည်ပြုပြောကြား**

အခြားတစ်ဖက်တွင်မူ မြန်မာနိုင်ငံအနေဖြင့် FFM ခေါ် လူ့အခွင့်အရေးကောင်စီ၏ အချက်အလက်ရှာဖွေရေးအဖွဲ့အား စတင်တည်ထောင်စဉ်ကပင် ပြတ်သားစွာကန့်ကွက်ခဲ့ကြောင်း၊ တစ်ဖက်သတ်ပြောကြားချက်များအပေါ် အခြေခံသည့် ယင်း၏ အစီရင်ခံစာတွင်လည်း အာဆာ အကြမ်းဖက်အဖွဲ့၏ ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများအပေါ် စုံစမ်းစစ်ဆေးမှုမပါရှိခြင်း၊ မွတ်စလင်နေရပ်စွန့်ခွာသူများ၏ ပြောကြားချက်များမှ ရရှိသည့်ဖြစ်စဉ်များကိုသာ အပြည့်အဝ လက်ခံထားခြင်း၊ ယင်းနှင့်ဆန့်ကျင်သည့် သက်သေအချက်အလက်များကို ငြင်းပယ်ထားခြင်း၊ အာဆာအကြမ်းဖက်အဖွဲ့မှ ကျူးလွန်သည့် အစုအပြုံလိုက် သတ်ဖြတ်မှုများကိုဖော်ပြသည့် အစီရင်ခံစာများအား လျစ်လျူရှုထားပြီး အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများကို ထည့်သွင်းမဖော်ပြထားခြင်း၊ အစီရင်ခံစာ၏ နောက်ဆုံးသုံးသပ်ချက်မှာလည်း သက်သေအထောက်အထား လုံလောက်စွာ ဖော်ပြမှုမရှိဘဲ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကောက်ချက်ချမှုများသာဖြစ်ခြင်းစသည့် အကြောင်းရင်းများကြောင့် ယင်းအစီရင်ခံစာကိုလည်း ကန့်ကွက်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

**မျှဝေအသိပေး**

ဆက်လက်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) နှင့် ယင်း၏ အချက်အလက်စုဆောင်းရေးနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (ECVT) တို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုသတင်းအချက်အလက်များကိုလည်း ပြည်ထောင်စုဝန်ကြီးက မျှဝေအသိပေး ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် တာဝန်ခံမှုကိစ္စရပ်အား ဖြေရှင်းလိုသည့် စိတ်ဆန္ဒသာမက ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါအရေးကိစ္စရပ်အား နိုင်ငံတကာတရားစီရင်ရေးစနစ်သို့ ရောက်ရှိစေမည့် မည်သည့် ကြိုးပမ်းဆောင်ရွက်မှုမျိုးကိုမဆို အခိုင်အမာပယ်ချကြောင်း။

**သိသာထင်ရှားသော ခြေလှမ်းများ**

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အစိုးရအနေဖြင့် အထူးသဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် အခြားသော အားနည်းသူများ၏ အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် သိသာထင်ရှားသော ခြေလှမ်းများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာစာချုပ် (CRC)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာစာချုပ် (CEDAW)၊ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာစာချုပ် (CRPD)နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (ICESCR) စသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးပင်မစာချုပ်ကြီး (၄) ခုကို အတည်ပြုပါဝင်ခဲ့ပြီး CRC ၏ နောက်ဆက်တွဲ စာချုပ်ဖြစ်သော လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များပါဝင်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်-OPAC ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း OPAC ကို အတည်ပြုပါဝင်ရန်နှင့် အရပ်ဘက်နှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်- ICCPR ကို လက်မှတ်ရေးထိုးရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီ၏ UPR ယန္တရားအား အခိုင်အမာထောက်ခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် UPR သို့ အစီရင်ခံစာတင်သွင်းရန်ရှိကြောင်း၊ အစိုးရအနေဖြင့် ကလေးသူငယ်အခွင့်အရေး ဥပဒေအသစ်မူကြမ်း၊ အမုန်းစကားနှင့် အမျိုးသမီးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းများအား ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ကလေးသူငယ်နှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ ခရီးစဉ်များ လာရောက်ခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာအစိုးရအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်း၍ ဆိုးရွားသောကျူးလွန်မှု (၆) မျိုးကို ကာကွယ်ရန် အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအပြင် ပြီးခဲ့သည့် ဒီဇင်ဘာလက ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာအထူးကိုယ်စားလှယ်နှင့် လက်မှတ်ရေးထိုးခဲ့သည့်

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

# ကျောင်းအုပ်တစ်ယောက်သည် ကိုယ့်ကျောင်းထဲမှာရှိတဲ့ မိဘတွေနဲ့ မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်တဲ့နည်းလမ်းတွေကို တည်ထောင်နိုင်ရင်တော့ မိဘဆရာအသင်းရဲ့လုပ်ငန်းဟာ ပိုပြီးတော့ အောင်မြင်မယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ

## အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်း

**အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာတင်ညို၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးကြိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။**

**(ဖေဖော်ဝါရီ ၅ ရက်နေ့မှအဆက်)**



**အစီအစဉ်မှူး။** ။အခုတစ်ခါ ထပ်ပြီးတော့ ကျောင်းရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်းနဲ့တွဲဖက်ပြီး လုပ်ဆောင်ရမယ့် အဖွဲ့အစည်းတွေရှိရင်လည်း ဆရာကြီးက ပြောပြပေးပါဦး။

**ဒေါက်တာတင်ညို။** ။အဲဒီလို ဆောင်ရွက်နိုင်ဖို့က ကျောင်းနဲ့ဝန်းကျင်မှာရှိနေတဲ့ လုပ်ငန်းတွေမှာပါဝင်ကြတဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ အထူးသဖြင့်ကတော့ ကျောင်းတွင်းဆိုခဲ့ရင် ကျောင်းတွင်းမှာဖွဲ့စည်းထားတဲ့ ကျောင်းကောင်စီရှိတယ်။ ကျောင်းကောင်စီကနေ ထပ်ပြီးတော့ဖွဲ့စည်းထားတဲ့ ဝါသနာရှင်အသင်းတွေရှိတယ်။ အဲဒီအသင်းတွေအားလုံးသည် သူတို့ရဲ့လှုပ်ရှားမှုတွေကို သက်ဆိုင်ရာမိဘတွေ၊ အုပ်ထိန်းသူတွေက ပါဝင်ပေးမယ်ဆိုရင် ပိုပြီးတော့မြိုင်ဆိုင်ပါတယ်။ လုပ်ငန်းတစ်ခုမှာ သူတို့ရဲ့အင်အား၊ သူတို့ရဲ့ကျွမ်းကျင်မှုတွေကို ကျောင်းကနေပြီးတော့ ရယူနိုင်မယ်ဆိုရင် ဥပမာအားဖြင့် ကလေးတွေအတွက် ပန်းချီ၊ အနုပညာ အားလုံးပြည့်စုံအောင် မရှိနိုင်သေးဘူးဆိုရင်တော့ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေရဲ့ အင်အားဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီဝါသနာရှင်အသင်းတွေကို ပိုပြီးတော့ ထက်ထက်မြက်မြက်ဖြစ်အောင် ဖွဲ့စည်းပေးနိုင်မယ်ဆိုရင် သူတို့ရဲ့ဝင်ရောက်ပါဝင်နိုင်မှုနဲ့ မိဘများရဲ့စိတ်ဝင်စားမှု ပိုပြီးတော့ ကောင်းနိုင်ပါတယ်။ အလားတူပဲ ကျောင်းပတ်ဝန်းကျင်မှာရှိနေတဲ့ ကျောင်းကိုအကျိုးပြုနိုင်မယ့်၊ အများကိုအကျိုးပြုနိုင်တဲ့ အသင်းအဖွဲ့တွေဆိုရင်လည်း ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ ဒါဟာ ကျောင်းရဲ့လှုပ်ရှားမှုကို ပိုပြီးတော့ မြိုင်ဆိုင်မယ်လို့ ယူဆပါတယ်။

**ဦးအေးကြိုင်။** ။ကျွန်တော်တို့ ပညာရေးကျောင်းတွေမှာ ကျောင်းတွေရဲ့ အများမြင်သာတဲ့နေရာမှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဆိုပြီးတော့ ကျွန်တော်တို့ ကလေးတွေရဲ့ နှလုံးသားထဲမှာ နေ့တိုင်းမြင်ခွင့်ရအောင် ဖန်တီးထားတယ်။ ပညာသင်ကြားခြင်းရဲ့အန္တိမပန်းတိုင်ဟာ အောင်မှတ်မဟုတ်ဘူး။ အောင်ချက်မဟုတ်ဘူး။ ကလေးတွေကို တကယ် စိတ်အလှမြင်အောင် သင်ပေးရမယ်။ မိဘဆရာအသင်းက ကလေးတွေရဲ့ ဘက်စုံဖွံ့ဖြိုးရေးလုပ်တော့မယ်ဆိုရင် ခုနက စိတ်ဓာတ်နဲ့စရပါတယ်။ နောက်စည်းကမ်းကိုတန်ဖိုးထားရပါတယ်။ ပြီးတော့ ပညာရမှ ခိုင်မြဲပါတယ်။ ခုနက ဆရာကြီးလမ်းညွှန်ဆွေးနွေးခဲ့တဲ့အချက်က ကျောင်းကောင်စီလို့ လမ်းညွှန်ခဲ့ပါတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ ပညာရေးလောကမှာ ကျောင်းအုပ်ကြီးဘဝနဲ့ အဆင့်ဆင့်ဖြတ်သန်းပြီး ညွှန်ကြားရေးမှူးဘဝနဲ့ အငြိမ်းစားယူခဲ့တော့ ဘဝကနေ သိခဲ့တဲ့အသိတစ်ခု ပြန်တင်ပြရမယ်ဆိုရင် ကျောင်းတစ်ကျောင်းမှာ အသက်ပမာ အချက်အချာကျတာက ကျောင်းကောင်စီပါ။ ဘာဖြစ်လို့လဲဆိုတော့ မိဘဆရာအသင်းဆိုတာဟာ အသင်းသားတွေအားလုံး ကျောင်းလာနိုင်ခွင့်ကို သိပ်ပြီးတော့အခြေအနေမပေးလို့ သူတို့ကိုကိုယ်စားပြုတဲ့ ခုနက ဆရာမကြီးဆွေးနွေးခဲ့တဲ့ ၁၅ ဦး၊ ၁၇ ဦး၊ ၁၃ ဦး၊ ၁၁ ဦး၊ ငါးဦး၊ ခုနစ်ဦး အလုပ်အမှုဆောင်အဖွဲ့ပဲ ကျွန်တော်တို့ ဖွဲ့နိုင်တယ်။ အဲဒီအဖွဲ့ကလည်း တစ်နှစ်မှာ သုံးကြိမ်လောက် ညီလာခံကျင်းပတယ်။ ဆရာကြီး ဆွေးနွေးလမ်းညွှန်မှုပြုတဲ့အခါမှာ ပညာရေးစုံညီပွဲတော်ကိစ္စတွေနဲ့ မိဘတွေလာနိုင်ခွင့်ကို ဆရာကြီး လမ်းညွှန်ဆွေးနွေးပေးပါလို့ဆိုတော့ ကျောင်းကြီးရဲ့ ဘက်စုံဖွံ့ဖြိုးရေးဦးတည်ချက်ပန်းတိုင်ဟာ ကလေးတွေဆိုရင် ကလေးတွေကို တကယ်ပြည့်စုံအောင် လက်တွေ့လုပ်နေတဲ့အဖွဲ့အစည်းဟာ နိစ္စဓူဝ ဆရာနဲ့ ကျောင်းသားပဲ။ ကျွန်တော်တို့က တစ်နှစ်မှာ သုံးကြိမ်လောက် မိဘလာဖို့ တော်တော်လေးလုပ်ရပါတယ်။ အဲဒီတော့ မိဘဆရာအသင်းကို အင်အားဖြည့်မယ်၊ စွမ်းရည်မြှင့်မယ်ဆိုရင် ကျောင်းကောင်စီကို စွမ်းရည်မြှင့်ပေးရင် မိဘဆရာအသင်းဟာ ပိုပြီးတော့ သွက်လက်လာမယ်။ ကလေးတကယ်ချစ်တဲ့မိဘတိုင်းဟာ သူ့ကလေးကို ဆရာကြီးဆွေးနွေးတဲ့ ကျောင်းကောင်စီရဲ့လက်အောက်မှာ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုအဖွဲ့တွေရှိတယ်။

### အန္တိမပန်းတိုင်

ကျွန်တော်တို့ပညာရေးဟာ ခုနက ကိုယ်၊ နှုတ်၊ နှလုံးဆိုပြီး အမျိုးသားပညာရေးဥပဒေမှာ လမ်းညွှန်ထားတယ်ဆိုတော့ စာတစ်ခုတည်းသင်တဲ့ ပညာရေးနဲ့ နိုင်ငံ့သားကောင်းမဖြစ်ဘူး။ ပညာရေးရဲ့ အန္တိမပန်းတိုင်ဟာ (Good Citizens) နိုင်ငံ့သားကောင်း၊ နိုင်ငံ့သားကောင်းဆိုတာ ပညာတတ်ရုံတစ်ခုတည်းမရဘူး။ စိတ်ယဉ်ကျေးခြင်းမပြည့်ရင် မဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေကျင့်ကြံအားထုတ်သင့်တဲ့ ပြည်သူ့နီတိဆိုတဲ့ ပြည်သူတိုင်းဆောင်ရွက်တဲ့ အဲဒီနှလုံးသားနီတိအကျင့်တွေ မပါသွားရင် ကျောင်းလို့မခေါ်ထိုက်ဘူး။ ကျောင်းလို့ပြောလိုက်ရင် ဒီမိဘဆရာအသင်းရဲ့ ရင်ထဲမှာရှိတဲ့ ကျောင်းဟာ ကျွန်တော်တို့ ပညာရှင်တစ်ဦးက ပြောထားတယ်။ "ကျောင်းတစ်ကျောင်းကို လေ့လာခွင့်ရမည်ဆိုလျှင် ထိုနိုင်ငံ၏ အနာဂတ်ကို သိနိုင်မည်" လို့ ဆိုထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကျောင်းတွေရဲ့အခြေအနေတွေကို ကြည့်လိုက်ရင် ဘာကိုဦးတည်နေလဲ၊ နိုင်ငံတော်ကို ပညာရေးကဏ္ဍာရည်မှန်းတဲ့ (Good Citizens)ကို သွားနေလား၊ နိုင်ငံ့သားကောင်းလား၊ ပြည်သူ့သားကောင်းလား၊ ဒီမိုကရေစီကိုအကျိုးပြုတဲ့ ကျွန်တော်တို့ကျောင်းကောင်စီဆိုတဲ့ သီချင်းထဲမှာ ပါပါတယ်။ "ကျောင်းတွင်းဒီမိုကရေစီ ထူထောင်မည်၊ ပြည်သူ့သားကောင်း သမီးကောင်း ကျောင်းကောင်စီ" ဆိုတော့ မိဘက အဲဒါလိုချင်တာ။ ပြည်သူကိုဗဟိုပြုတဲ့ သားရတနာ သမီးရတနာကို ရချင်လို့ ကျောင်းကိုပို့ထားတာ၊ ပညာတတ်မြောက်ဖို့ ရည်ရွယ်တာတစ်ခုတည်းမဟုတ်ဘူးလို့ ပညာရေးဌာနက မျှော်မှန်းထားတာ၊ ဒါ အမျိုးသားပညာရေးဥပဒေမှာ တိုက်ရိုက်ဖွင့်ဆိုထားတဲ့အတွက်ကြောင့် အဲဒီကိစ္စကိုလည်း ဆရာကြီး ဖြည့်စွက်လမ်းညွှန်ပေးပါဦး။

**ဒေါက်တာတင်ညို။** ။အဓိကကတော့ ဒီလုပ်ငန်းတွေမှာ မိဘတွေ ပါဝင်ပူးပေါင်းနိုင်မှုအားကို အများဆုံးယူရပါမယ်။ ခုနကပြောတဲ့ မြန်မာနိုင်ငံမှာ လက်ရှိအားဖြင့် ကျောင်းသားပေါင်း ကိုးသန်းနဲ့ တစ်သိန်းရှိတယ်။ အဲဒီတော့ သူ့ရဲ့အုပ်ထိန်းသူ မိဘနဲ့ ပေါင်းလိုက်တဲ့အခါမှာ ကိုယ်စားပြုထားတဲ့ အသင်းအဖွဲ့ကြီးက နည်းတဲ့အသင်းအဖွဲ့ကြီးမဟုတ်ဘူး။ အကြီးမားဆုံးအသင်းအဖွဲ့ကြီးလို့ ဆိုလို့ရပါတယ်။ အဲဒီလိုပါနိုင်အောင် သက်ဆိုင်ရာ ကျောင်းကနေပြီး မိဘတွေပါဝင်နိုင်ဖို့ ဆွဲဆောင်နိုင်မယ်ဆိုခဲ့ရင် လုပ်ငန်းပိုပြီးတော့အောင်မြင်ပါတယ်။ ခုနက ဆရာကြီးဦးအေးကြိုင်ပြောသလို အဲဒီအထဲမှာ နှစ်စဉ်နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ပညာရေးစုံညီပွဲတော်၊ အခုဆိုရင် အရင်တုန်းကထက် ပိုမိုပြီးတော့ အောင်မြင်စွာ ကျင်းပလာနိုင်ပြီလို့ ခံယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းအလိုက်ရော၊ မြို့နယ်အလိုက်ရော၊ တိုင်းဒေသကြီးအလိုက်ပါ ရန်ပုံငွေချပြီးတော့ ဆောင်ရွက်နေတယ်။ အဲဒီတော့ လွတ်လွတ်လပ်လပ်

### သတင်းအဖွဲ့

ပညာရေးစုံညီပွဲတော်ဆိုတဲ့ အဓိပ္ပာယ်သည် တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံကျောင်းတွေမှာ ဒီပွဲတော်ကို ကျင်းပတာပါ။

### ပညာရေးစုံညီပွဲတော်

ပွဲတော်လို့ဆိုလိုက်တဲ့အတွက် သိပ်ပြီးတော့ ပကာသနဆန်ပြီးတော့ မြင့်မားတယ်လို့တော့ ဆိုလို့မရဘူး။ ကျောင်းတစ်ကျောင်းရဲ့လှုပ်ရှားမှုကို မိဘကိုခေါ်ပြတာပဲ။ အဲဒီပွဲဟာ ကျောင်းသားအများဆုံး ပါဝင်နိုင်တဲ့ပွဲဖြစ်နိုင်အောင် ဖန်တီးပေးဖို့ပါပဲ။ လူနည်းနည်းလေးပဲရှိတယ်ဆိုခဲ့ရင် လာကြည့်တဲ့မိဘသည် သူနဲ့ပတ်သက်တဲ့၊ ကလေးတွေနဲ့ ပတ်သက်တဲ့ မိဘတွေပဲဖြစ်တယ်။ တကယ်တော့ ပွဲများများပေါ့။ အားကစားပွဲတွေ၊ ပန်းချီပွဲတွေ၊ နောက် အဆို၊ အတီး စသဖြင့်ပေါ့။ ဒါကလည်း ရှိနိုင်တဲ့အင်အားလေးနဲ့ပါ။ သိပ်ပြီးတော့ ပကာသနဆန်တာမဟုတ်ဘဲနဲ့ ကလေးများများပါနိုင်လေ မိဘများများလာမယ်။ အဲဒီအခါကျတော့ ကိုယ့်ကျောင်းရဲ့ အခြေအနေလေးတွေကို ပြန်လည်ပြီးတော့ ဝေမျှပေးလို့ရပါတယ်။ ဒါဟာ မိဘများကို ပြန်ပြီးတော့ စည်းရုံးတဲ့အခါမှာ ပညာရေးစုံညီပွဲတော်ဟာ အင်မတန်အရေးကြီးပါတယ်။ အလားတူပဲ မိဘများရဲ့ ခွန်အားကိုရယူချင်တဲ့အခါမှာ ပညာရေးဌာနမှာ မြို့နယ်ပညာရေးအဆင့်မှာကိုပဲ (ICT) နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နေတာလေးတွေ၊ ဒါလေးကို ဆရာမကြီးက ဘယ်လိုအစပျိုးထားလဲဆိုတာလေး ပြောပြပေးပါဦး။

**ဒေါ်စန်းစန်းရီ။** ။အခု ကျွန်မတို့ ပညာရေးဝန်ကြီးဌာန အနေနဲ့လည်းပဲ အခြေခံပညာဦးစီးဌာနမှာ ကျောင်းတွေအထိ၊ မြို့နယ်တွေအထိ (Server) တွေ ထိုင်ပြီးတော့ ကျောင်းအုပ်တွေနဲ့၊ မြို့နယ်ပညာရေးမှူးနဲ့ ဆက်သွယ်ဆောင်ရွက်နေသလိုပဲ။ ကျောင်းအုပ်တစ်ယောက်သည် ကိုယ့်ကျောင်းထဲမှာရှိသော မိဘများနဲ့ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်တဲ့ နည်းလမ်းတွေကို တည်ထောင်နိုင်ရင်တော့ မိဘဆရာအသင်းရဲ့လုပ်ငန်းဟာ ပိုပြီးတော့ အောင်မြင်မယ်၊ အဆင်ပြေမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ဆက်လက်ပြီးတော့ ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိဘ၊ ဆရာတွေနဲ့ အတူတူ ရပ်ရွာပြည်သူလူထုတွေအနေနဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာကို ဆရာကြီးတို့ အလျဉ်းသင့်သလို ပြောကြားပေးစေလိုပါတယ်။

**ဒေါက်တာတင်ညို။** ။အခု လက်ရှိအခြေအနေဟာ ကလေးတွေမှာ ရင်ဆိုင်နေရတဲ့ ပတ်ဝန်းကျင်ရဲ့ စိန်ခေါ်မှုတွေ၊ သူတို့အိမ်ကနေ ကျောင်းအလာမှာ တွေ့မြင်နေရတဲ့အမြင်တွေ အားလုံးရဲ့မြင်ကွင်းကို မိဘ၊ ဆရာ၊ မိဘအုပ်ထိန်းသူများက ဝိုင်းပြီးတော့ ဖြေရှင်းပေးနိုင်တဲ့ အခြေအနေမျိုးရှိခဲ့ရင် ဝန်းကျင်ကောင်းတစ်ခုရမယ်။

စာမျက်နှာ ၁၁ သို့ ❖



❖ စာမျက်နှာ ၁၀ မှ

ဥပမာ ပတ်ဝန်းကျင်မှာရှိနေတဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ နေရာထိုင်ခင်းမျိုးတွေ ရှိတာမျိုး၊ ဒါမျိုးတွေကအစ စုစည်းပြီးတော့ ပါဝင်ပေးမယ်ဆိုခဲ့ရင် သူတို့အတွက် အကောင်းဆုံးလမ်းကြောင်းလေးတစ်ခုကို ဦးတည်ပေးသွားနိုင်မယ်လို့ ဆရာတို့က ခံယူပါတယ်။

နောက်ဆရာမကြီး ခုနကပြောတဲ့အထဲမှာပါတဲ့ ICT ပေါ့။ များသောအားဖြင့် မိဘတိုင်း တော်တော်များများသည် အနည်းဆုံးအားဖြင့် ဟန်းဖုန်းသုံးပြီးတော့ ဒီ Facebook ပဲဖြစ်ဖြစ် သုံးတတ်တာပေါ့။ အဲဒီလိုသုံးတတ်တဲ့အခါမှာ ခုနက မြို့နယ်မှာအခြေပြုထားတဲ့ အခြေခံလေးကိုသုံးပြီးတော့ သူ့ Group လေးတွေနဲ့ပေါ့။ ဒီကျောင်းဆိုရင် ဒီကျောင်းနဲ့ ပတ်သက်တဲ့ မိဘတွေအကုန်လုံးပါဝင်နိုင်မယ့် Group မျိုးလေးတွေများ ဆက်ပြီးတော့ လုပ်ပေးမယ်ဆိုခဲ့ရင် ဒီကျောင်းရဲ့ Information သည် မိဘတွေဆီရောက်သွားမယ်။ မိဘတွေရဲ့ဆန္ဒကို ကျောင်းကနေသိလာမယ်။ အတုံ့အပြန်ရှိခဲ့ရင် ပိုပြီးတော့ အောင်မြင်လာမယ်။

### သင်ယူလိုတဲ့အသိပညာ

နောက်တစ်ခုက အခုဆွေးနွေးနေကြတဲ့ ပညာဆိုတာ အဓိကပေါ့။ အဓိက ကလေးရယ်၊ ပညာရယ်၊ မိဘ၊ ဆရာ ပေါင်းတော့ ကလေးပညာကောင်းတယ်ဆိုတော့ ပညာဆိုတဲ့ သူ့ရဲ့အဓိပ္ပာယ်အနှစ်သာရက အကောင်းအဆိုး၊ အကြောင်းအကျိုး အမှန်အတိုင်းကို ဝေဖန်ပိုင်းခြားနိုင်မှ ပညာလို့ဆိုတယ်။ အဲဒီပညာရနိုင်ဖို့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်မှုဟာ မိဘများက ပါဝင်ပေးနိုင်တယ်ဆိုရင် လုံလုံခြုံခြုံနဲ့ ကျန်းမာရရန်နဲ့ သူတို့ အင်မတန်ကို သင်ယူလိုတဲ့အသိပညာကို ပြည့်ပြည့်စုံစုံရနိုင်မယ်လို့ ဆရာခံယူမိပါတယ်။

**ဦးအေးကြိုင်။** ။ခေတ်နဲ့အညီ ပြောင်းလဲတိုးတက်တဲ့ (ICT)နည်းပညာတွေကို တချို့ကျောင်းတွေကသုံးနေကြပြီ။ ကျောင်းတိုင်းမဟုတ်တောင် ဒါကို အစပျိုးပြီးတော့ ပညာရေးဝန်ကြီးဌာနကလည်း လုပ်နေပြီဆိုတော့ ဒါလေးတွေက ကောင်းသတင်းလေးတွေပါ။ သဘောကတော့ အများစုမလာနိုင်တဲ့အချိန်မှာ နည်းပညာနဲ့ ကလေးတွေရဲ့အရည်အသွေးကို ထိန်းညှိထားဖို့ပါ။ ပညာရဲ့ပန်းတိုင်ကိုက ဘက်စုံထူးချွန်သော လူငယ်တွေကို ရည်ရွယ်တယ်။ ဘက်စုံဆိုတာကတော့ ကျွန်တော်တို့ ဘက်စုံပညာစကားနဲ့ ပြောရင်တော့ ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ ရသ၊ သက်မွေးဘက်စုံပညာရေး အသက်မွေးမှုကို အထောက်အကူမပြုတဲ့ ပညာပေးခြင်းဟာ ကလေးအတွက် အလုပ်အကိုင်အခွင့်အလမ်းမဲ့သွားတယ်။ သူ့ဘဝရပ်တည်မှုမဲ့သွားရင် သူတို့ဟာ နိုင်ငံအတွက် အကျိုးမပြုတော့ဘူး။ အန္တရာယ်ရှိတယ်ဆိုတော့ သူတို့ရဲ့ စိတ်ကိုယဉ်ကျေးအောင် စိတ်အလှကို လေ့ကျင့်ပေးတဲ့ ပြည်သူ့နီတိလို ဘာသာရပ်တွေဟာ မိဘဆရာအသင်း လူကြီးတွေက ကျွမ်းကျင်တဲ့ပညာရှင်တွေကို ဖိတ်ပြီးတော့ ဆွေးနွေးပြောကြားလို့ရတယ်။ လက်တွေ့လည်း လုပ်ပြလို့ရတယ်။

ခုနကတုန်းက မိဘဆရာအသင်း စွမ်းအားမြှင့်ဖို့ဆိုရင် ကျောင်းတွင်းမှာ တကယ်ရှိတဲ့ ကျောင်းကောင်စီအဖွဲ့ရဲ့ လှုပ်ရှားသက်ဝင်မှုကို ကျွန်တော်တို့က လက်ရှိနိုင်ငံတော်ကသွားတဲ့ ဒီမိုကရေစီကျင့်စဉ်လမ်းကြောင်းထဲမှာ သူက ပါနေတယ်။ ပါနေတော့ မိဘဆရာအသင်းက မိဘနဲ့ ဆရာပေါင်းရင် ကျောင်းထဲမှာရှိတဲ့ ကလေးတွေကို ဖြစ်ချင်တဲ့ရည်မှန်းချက်က ကျွန်တော်တို့အားလုံး တစ်နိုင်ငံလုံးရဲ့ နှလုံးသားဖြစ်တဲ့ ကလေးရဲ့အန္တိမပန်းတိုင်ဟာ သူ့ရဲ့စိတ်နေစိတ်ထားကိုက နိုင်ငံတော်ကို တကယ်အကျိုးပြုတဲ့ လူသားကို ပျိုးထောင်တာ။ ဒါကြောင့် နိုင်ငံ့သားကောင်း၊ ပြည်သူ့သားကောင်းဖြစ်ဖို့ ရည်ရွယ်တယ်။ ရည်ရွယ်တယ်ဆိုတော့ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ရေနံချောင်းမှာ ကျောင်းနေတုန်းက သူ့ရဲ့အမျိုးသားကျောင်းအုပ်ကြီးက ဆရာကြီး ဦးခင်သန်းလို့ ကျွန်တော်တို့ သိခဲ့တယ်။ ဆရာကြီး ဦးခင်သန်းက ဘာပြောလဲဆိုတော့ အများကောင်းကျိုးအတွက် အများက စုပေါင်းတိုင်ပင်ညှိနှိုင်းပြီး တင်မြှောက်တဲ့ ခေါင်းဆောင်က အဲဒီအများကို ကောင်းအောင်ပြန်လုပ်တဲ့ ပြည်သူ့အစိုးရ၊ အဲဒီရေသောက်မြစ်အစဟာ ကျောင်းကလို့ ပြောထားတယ်။ ကျောင်းဟာ ဒီမိုကရေစီရဲ့ ပုခက်ပဲဆိုတော့ အများကောင်းစားရေးလုပ်တဲ့ ပြည်သူ့အစိုးရကို ရေသောက်မြစ်နဲ့စတဲ့ ကျောင်းကောင်စီနဲ့ မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်လိုက်ရင် ကလေးတွေရဲ့ စိတ်စွမ်းရည်တွေဟာ ယဉ်ကျေးပြီးသား၊ ပြည်သူ့နီတိဆိုတဲ့ (Civics)က ပရစိတ်ရှိပြီးသား၊ အတတ်နည်း သွားမယ်။ ဒီတော့ သူတို့ကို ဘက်စုံဖွံ့ဖြိုးရေးလုပ်တာဟာ ကလေးအတွက် တော်တော်လေး အခွင့်အလမ်းတွေရတယ်။

## ကျောင်း၊ ကလေးနဲ့ မိဘ အဲဒီလိုအချိတ်အဆက်လေး ရှိသွားခဲ့ရင်တော့ အခုရည်မှန်းထားတဲ့ မိဘဆရာအသင်းရဲ့ ကြိုးစားအားထုတ်မှုနဲ့ ပညာရေးဟာ ပိုမိုပြီးတော့ တင့်တင့်တယ်တယ် အောင်အောင်မြင်မြင် ဖြစ်မယ်ဆိုတာကိုတော့ လုံးဝယုံကြည်ပါတယ်

### ပညာ့ပန်းတိုင်

မျှော်မှန်းတဲ့ ကျောင်းကောင်စီအောက်မှာရှိတဲ့ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအဖွဲ့မှာ စာပေနဲ့အသိဉာဏ်မြှင့်တင်ရေး အဖွဲ့ဆိုရင် ကျပန်းစကားပြောတို့၊ စကားရည်လုတို့၊ စကားဝိုင်းတို့၊ ရသစာပေဆွေးနွေးပွဲတို့ရှိတဲ့အတွက် ကလေးတွေဟာ စာဖတ်လာမယ်။ ကလေးတွေဟာ ကျောင်းစာအပြင် တကယ့်ပတ်ဝန်းကျင်ကို ဝင်လာကြပြီ။ အခု ပန်းချီ၊ ဂီတ၊ အားကစားတွေ အကုန်လုံးပေးတယ်။ အဲဒီမှာဆိုရင် ကာယပညာနဲ့ အားကစားအဖွဲ့ရှိတယ်။ လေ့လာရေးနဲ့ ဗဟုသုတရှာမှီးတဲ့အဖွဲ့ရှိတယ်။ အားကစားနဲ့ ကာယပညာရှိတယ်။ ကွန်ပျူတာနဲ့ (ICT)နည်းပညာရှိတယ်။ အဲဒီဖွံ့ဖြိုးရေးအဖွဲ့တွေရဲ့ စွမ်းရည်မြှင့်တင်ဖို့ မိဘက ဝင်ပူးပေါင်းလိုက်ရင် ကလေးတွေဘဝက တကယ့်ကို ကျောင်းစာတစ်ခုတည်းမဟုတ်ဘဲနဲ့ နိုင်ငံတော်က လိုလားတဲ့ နိုင်ငံ့သားကောင်းအစစ်တွေ ဖြစ်လာမယ်။ မိဘဆရာအသင်းရဲ့ စွမ်းဆောင်ရည်မြင့်ရင်မြင့်သလောက် ကျောင်းကဖွံ့ဖြိုးပါတယ်။ ကျွန်တော်တို့မျှော်မှန်းတာက မိဘဆရာအသင်းတစ်ခုတည်းနဲ့တော့ ကျောင်းကြီးဖွံ့ဖြိုးမှုကို အာရုံပြုပြီးတော့ ဖောင်းမပေးနိုင်ဘူး၊ ကျန်တဲ့အဖွဲ့အစည်းတွေကိုလည်း မိတ်ဖက်အဖြစ်နဲ့ပူးပေါင်းပြီး စုပေါင်းအားနဲ့လုပ်ရင် တိုင်းပြည်ကောင်းမယ်ဆိုရင် ကလေးတွေကို နိုင်ငံ့သားကောင်း၊ တကယ့်ပညာလည်းတတ်တယ်၊ စိတ်လည်းလှတဲ့ကလေးတွေ လေ့ကျင့်ပေးတဲ့ ပညာရေးဖြစ်ရင် နိုင်ငံတော်ကမျှော်မှန်းတဲ့ ပညာ့ပန်းတိုင်ဖြစ်ပါတယ်လို့ ဆွေးနွေးချင်ပါတယ်။

**ဒေါ်စန်းစန်းရီ။** ။ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိဘ၊ ဆရာ၊ ရပ်ရွာ၊ လူထုတွေက ဘယ်လိုကူညီနိုင်မလဲဆိုတော့ ကူညီလို့ရတယ်။ တကယ်ကူညီလို့ တကယ် ဖြစ်လာတာတွေလည်း သာဓကအများကြီး ရှိပါတယ်။ ခုဆိုရင် ကျောင်းတွေကို အများကြီးတိုးဖွင့်တဲ့ကာလဖြစ်တယ်။ အရင်တုန်းကဆိုရင်လည်းပဲ တွဲဖက်အထက်တန်းကျောင်းတွေဆိုတာရှိခဲ့တယ်။ တွဲဖက်အထက်တန်းတွေမှာ ကိုးတန်း၊ ၁၀ တန်း ကလေးတွေကို ပညာသင်ခဲ့တဲ့ကာလတုန်းက မိဘဆရာအသင်းတွေ ဦးဆောင်ပြီး အဲဒီကျောင်းမှာ ကလေးတွေ ပညာသင်ကြားခွင့်ရအောင် ဆရာတွေ ရှာဖွေတာကစပြီးတော့ ပူးပေါင်းပြီး ပါဝင်ခဲ့ကြတယ်။ အခု ဒီခေတ်ကျတော့ ကျောင်းတွေအများကြီး အဆင့်တွေတိုးတယ်။ အဆင့်တိုးတဲ့အချိန်မှာ မိဘဆရာအသင်းတွေနဲ့ ရပ်ရွာတွေ ပေါင်းပြီးတော့ ကိုယ့်ရဲ့ရပ်ရွာ၊ ကိုယ့်ရဲ့အနေအထား၊ ဝေးလံခက်ခဲတဲ့ဒေသတွေ၊ တကယ်ကျောင်းအဆင့်တိုးဖို့လိုတဲ့ ဒေသတွေမှာဆိုရင် မိဘဆရာအသင်းတွေဟာ ပူးပေါင်းပြီးတော့ ကျောင်းအဆင့်တိုးတဲ့ လုပ်ငန်းတွေ ကိုယ့်ကျောင်းမှာ ဆောင်ရွက်ပေးလို့ရတယ်။

### ပညာရည်ဖွံ့ဖြိုးတိုးတက်ဖို့

ကိုယ့်ကလေးတွေရဲ့ ပညာရည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိဘဆရာအသင်းတွေဟာ ပူးပေါင်းပြီးတော့ အခုလည်းပဲ နိုင်ငံတော်က ဆရာတွေခန့်တယ်။ ခန့်တယ်ဆိုပေမယ့် အချိုးမညီတဲ့အတွက် လိုအပ်ချက်တွေရှိနေပါတယ်။ အဲဒီလိုအပ်ချက်တွေရှိနေတဲ့နေရာတွေမှာ မိဘတွေကပူးပေါင်းပြီး ကလေးတွေ ပညာရပ်အပြည့်အဝရဖို့အတွက် ဆရာ ဆရာမတွေကို ရှာပေးပြီးတော့ ကလေးတွေ ပညာပြည့်အောင်လုပ်တာရှိပါတယ်။ ကလေးတွေ ပညာအရည်အသွေး တိုးတက်ဖို့မှာလည်း မိဘဆရာအသင်း ပူးပေါင်းပါဝင်လို့ရတယ်။ မိဘဆရာအသင်းနဲ့ ပူးပေါင်းပြီးတော့ ကျောင်းရဲ့ဥပဓိရုပ်တွေ တိုးတက်ဖို့အတွက်လည်း ပူးပေါင်းပါဝင်ပေးလို့ရတယ်။ မိဘဆရာအသင်းတွေကပဲ လက်ရှိပညာရေးအခြေအနေအရ အခြေခံပညာ အလယ်တန်းအဆင့်ပြီးရင် အခြေခံပညာအထက်တန်းအဆင့်ကို ရောက်တဲ့အချိန်မှာ ကလေးတွေဟာ သူ့ရဲ့စိတ်ကြိုက်ဘာသာတွဲတွေ ရွေးချယ်ခွင့်ရှိလာကြတယ်။ အဲဒီရွေးချယ်ခွင့်မှာ ကိုယ်ရည်ကိုယ်သွေးပြမယ့်အဖွဲ့ဆိုတာ ရှိတယ်။ အဲဒီအဖွဲ့မှာလည်း မိဘဆရာအသင်းတွေပါဝင်ပြီးတော့ ကလေးတစ်ယောက်သည် ကိုယ်နဲ့ကိုက်ညီသော ဘာသာတွဲကိုရွေးချယ်ဖို့အတွက် မိဘဆရာအသင်းက ပူးပေါင်းပြီးတော့ ပါဝင်ဆောင်ရွက်လို့ ရပါတယ်။ ကလေးတွေ ကျောင်းမထွက်ရေး၊ ကျောင်းနေနှုန်း မြင့်မားရေးတွေ အကုန်လုံးပူးပေါင်းဆောင်ရွက်လိုက်ရင်တော့ ကျောင်းရဲ့ ပညာရေးဟာ တကယ်ပဲတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါပါဝင်ဆောင်ရွက်လို့ရတဲ့ အရာတွေပါ။

**အစီအစဉ်မှူး။** ။**အခုနောက်ဆုံးမေးခွန်း အနေနဲ့ မိဘဆရာအသင်းနဲ့ပတ်သက်ပြီး အများပြည်သူတွေ ဘယ်လိုအချက်တွေကို သိသင့်လဲ ဆိုတာကို ဆရာကြီးတို့အနေနဲ့ နိဂုံးချုပ်ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာတင်ညို။** ။ရည်ရွယ်ချက် မြင့်မြင့်မားမားပေါ့။ ကောင်းကောင်းမွန်မွန်နဲ့ ပညာရေးကို တိုးတက်နိုင်ဖို့အတွက် ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့တစ်ခုကို ပိုပြီးတော့ စုစည်းနိုင်အောင် နည်းလမ်းရှာတဲ့နေရာမှာ ခုနကပြောသလို မိဘများများ ကျောင်းကို ပြန်လည်ပြီးတော့ ရောက်လာနိုင်အောင်၊ လာရောက်ပြီးတော့ လေ့လာနိုင်အောင်၊ ကူညီနိုင်အောင် အဲဒီလို နည်းလမ်းတွေ များများချဲ့ထွင်ပေးခဲ့မယ်ဆိုရင် ကျောင်းနဲ့ မိဘ ပိုပြီးတော့စုစည်းသွားမှာဖြစ်ပါတယ်။ စုစည်းသွားခဲ့ရင် ဒီကျောင်းကို သူတို့မြင်သွားခဲ့ရင် ဘာလုပ်ရမလဲဆိုတာ သူတို့သိသွားမယ်၊ ဘာတွေကူညီပေးရမယ်ဆိုတာ သိသွားမယ်။ နောက်တစ်ခါ ကိုယ့်ကျောင်းနဲ့ပတ်သက်တဲ့ ကလေးတွေရဲ့အောင်မြင်မှုကို သူတို့ဂုဏ်ယူသွားမယ်။ အဲဒီတော့ ကျောင်း၊ ကလေးနဲ့မိဘ အဲဒီလိုအချိတ်အဆက်လေး ရှိသွားခဲ့ရင်တော့ အခုရည်မှန်းထားတဲ့ မိဘဆရာအသင်းရဲ့ကြိုးစားအားထုတ်မှုနဲ့ ပညာရေးဟာ ပိုမိုပြီးတော့ တင့်တင့်တယ်တယ် အောင်အောင်မြင်မြင်ဖြစ်မယ်ဆိုတာကိုတော့ လုံးဝယုံကြည်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးအေးကြိုင်။** ။မိဘတွေအားလုံးပါဝင်နိုင်တဲ့ အခွင့်အလမ်းကိုဖန်တီးရင် ကျောင်းဟာ ပိုပြီးတော့ လှုပ်ရှားသက်ဝင်လာမယ်။ ကလေးတိုင်းရဲ့ဖွံ့ဖြိုးမှုကို မိဘတိုင်းရဲ့ကူညီပူးပေါင်းမှုကိုရစေချင်လို့ အစအဖွင့်မှာ ဆရာမကြီး ဒေါ်စန်းစန်းရီဖွင့်ခဲ့တဲ့ တံဆိပ်လေးနဲ့ ကျွန်တော်ပြန်ချုပ်ချင်ပါတယ်။ ကျွန်တော်တို့ အဲဒီ စက်ဝိုင်းဟာ ပညာ့စက်ဝိုင်းပါ။ တကယ့်တစ်နိုင်ငံလုံးရဲ့ ပညာရေးကိုဗဟိုပြုတဲ့ စက်ဝိုင်းရဲ့အလယ်မှာ ပညာရေးတြိဂံဆိုတာ မိဘရယ်၊ ဆရာရယ်ပူးပေါင်းမှ ကလေးပညာရေးကောင်းဆိုပြီး အလယ်မှာပညာလို့ ရေးထားတယ်။ ပညာဆိုသည်မှာ အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်တွေ လုပ်သင့်၊ မလုပ်သင့်ဆိုတာကို ချင့်ချိန်တာကို ပညာလို့ခေါ်တယ်။ ကျွန်တော်တို့ရဲ့နိုင်ငံမှာ စာဆိုတာထက် ပညာကိုရချင်တယ်။ ဘွဲ့တို့၊ အမှတ်တို့ဟာ သညာတွေ၊ ပညာဆိုတဲ့စကားရပ်ဟာ ကလေးနှလုံးသားမှာ တစ်ဘဝလုံးပါသွားစေချင်တယ်။ ဒါကြောင့် မိဘဆရာအသင်းရဲ့စွမ်းဆောင်ရည်မြင့်မယ်ဆိုရင် ဒီတံဆိပ်လေးဟာ တော်တော်လေးတန်ဖိုးရှိပါတယ်။ ပညာ့အရောင်အဝါရောင်ခံပြီးတော့ ပညာရေးတြိဂံနဲ့ လုပ်ထားတော့ တစ်နိုင်ငံလုံးဖွံ့ဖြိုးဖို့အတွက် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်မယ်" ဆိုရင် ကျောင်းတွင်းဗဟိုပြုတဲ့ မိဘဆရာအသင်းရဲ့ စွမ်းဆောင်ရည်မြင့်ဖို့ လိုအပ်ပါတယ်။ မိဘဆရာအသင်းကို ပံ့ပိုးတဲ့ ကျောင်းတွေမှာရှိတဲ့ အဖွဲ့အစည်းတွေရဲ့ စွမ်းအားမြှင့်ဖို့လည်းလိုပါတယ်။ အဲဒီလိုပေါင်းရင် ပညာရေးဝန်ကြီးဌာနက မျှော်မှန်းတဲ့၊ နိုင်ငံတော်ကမျှော်မှန်းတဲ့ နိုင်ငံ့သားကောင်းတွေ ရရှိမယ်လို့ ကျွန်တော်တို့ ဆရာကြီး ဆရာမကြီး တစ်ဖွဲ့လုံးက မျှော်မှန်းပါကြောင်း ပြောကြားလိုပါတယ်။ ။

"Chinese New Year Promotion"

12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး







➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ယာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။

➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း-၆၅၀၅၃၅၊၆၆၆၁၈၃၊၆၅၁၄၃၆၊၀၉-၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ဟနွိုင်းမြို့တွင် တွေ့ဆုံ

**ဟနွိုင်း ဖေဖော်ဝါရီ ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို မြို့တော်ဟနွိုင်း ပြင်သစ်ရပ်ကွက်ရှိ ဟိုတယ်တစ်လုံး၌ ကျင်းပခဲ့ပြီး ခေါင်းဆောင်နှစ်ဦးက ညစာအတူတကွ စားသုံးခဲ့ကြသည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။




အဆိုပါထိပ်သီးအစည်းအဝေးမှ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြား မည်သည့်ရလဒ် ထွက်ပေါ်မှုရှိမလဲဆိုသည်ကို ကမ္ဘာ့နိုင်ငံများက စောင့်ကြည့်လျက်ရှိသည်။

ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအစီအစဉ်တွင် သမ္မတထရန့်က ခေါင်းဆောင်ကင်အား ညောင်ဖြူးမြို့ရှိ နျူကလီးယားဒုံးလက်နက် ပစ်လွှတ်ရေးနေရာများကို ဖျက်သိမ်းခဲ့ခြင်းကဲ့သို့ နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် ခိုင်မာသောလုပ်ဆောင်ချက်များကို ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမတိုင်မီကတည်းက အမေရိကန်အနေဖြင့် ပြုံယမ်းအား နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် တိုက်တွန်းပြောကြားခဲ့သော်လည်း ယခု ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး ကျင်းပမည့်အချိန် ရောက်ရှိလာသည့်တိုင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဆက်လက်တိုက်တွန်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေဆဲပင်ဖြစ်သည်။ ပြုံယမ်းက နျူကလီးယားလက်နက် စမ်းသပ်ပစ်လွှတ်မှုများ ဆက်လက်လုပ်ဆောင်ခြင်း မရှိပါက နျူလက်နက်ကင်းစင်ပပျောက်ရေးလှုပ်ရှားမှုကို အလျင်စလိုပြုလုပ်ရန် ဆန္ဒမရှိပါဟု သမ္မတထရန့်က ဆိုသည်။

ပြုံယမ်းအနေဖြင့်လည်း သူ့အားချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် သမ္မတထရန့်အား တောင်းဆိုမည်ဖြစ်ကြောင်း ယုံကြည်ရသည်။

ပထမအကြိမ်ဆွေးနွေးပွဲတွင် နှစ်နိုင်ငံသဘောတူညီမှုများ ထွက်ပေါ်ခဲ့သည့်အတိုင်း ယခုဒုတိယအကြိမ်ဆွေးနွေးပွဲတွင်လည်း ပြည်သူများမျှော်လင့်လျက်ရှိသည့် ရလဒ်ကောင်းများ ထွက်ပေါ်နိုင်ဖွယ်ရှိသည်ဟု သမ္မတထရန့်က ဆိုသည်။

**အေအက်ဖ်ပီ**

## ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသအရေး အိန္ဒိယနှင့် ပါကစ္စတန်အကြား စစ်ရေးတင်းမာမှုမြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၂၇**

ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသအရေးနှင့်ပတ်သက်၍ ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားတွင် စစ်ရေးတင်းမာမှု အရှိန်မြင့်တက်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် မိမိတို့တပ်ဖွဲ့များက အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်းကို ပစ်ချခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့်မျဉ်း၏တစ်ဖက် ပါကစ္စတန်ဘက်ခြမ်းတွင် ပျက်ကျခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး အခြားဂျက်တိုက်လေယာဉ်တစ်စင်းမှာ အိန္ဒိယဘက်ခြမ်းတွင် ပျက်ကျခဲ့သည်။ အိန္ဒိယတိုက်လေယာဉ်မှူးနှစ်ဦးအား ဖမ်းဆီးထားသည်ဟု သတင်းတွင်ဖော်ပြသည်။

ထိုစဉ်အတွင်း၌ပင် ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့် နယ်စပ်မျဉ်းတွင် ယမန်နေ့ညပိုင်းမှ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းအထိ ပါကစ္စတန်တပ်ဖွဲ့များနှင့် စိန်ပြောင်း၊ အမြောက်နှင့် ဒုံးကျည်များဖြင့် အပြန်အလှန်ပစ်ခတ်မှုအတွင်း အိန္ဒိယစစ်သည်ငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်ကထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသဘက်မှ အစွန်းရောက်စစ်သွေးကြွများ၏ ခြေကုပ်စခန်းကို မိမိတို့လေတပ်မှ ဂျက်တိုက်လေယာဉ်များက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ ၎င်းစစ်သွေးကြွအုပ်စုမှ ခေါင်းဆောင်များအပါအဝင် စစ်သွေးကြွအစွန်းရောက်ဦးရေ များစွာသေဆုံးခဲ့သည်ဟု အိန္ဒိယအစိုးရက ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် ဖေဖော်ဝါရီ ၁၄ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အိန္ဒိယစစ်သည် ၄၀ သေဆုံးခဲ့မှုအား လက်တုံ့ပြန်သည့်အနေဖြင့် ယင်းသို့ တိုက်ခိုက်ခြင်းဖြစ်သည်ဟု အိန္ဒိယအစိုးရက ပြောကြားသည်။

အိန္ဒိယ၏ လေကြောင်းမှစီးနင်းတိုက်ခိုက်မှုကြောင့် သေဆုံးမှုနှင့် ထိခိုက်ပျက်စီးမှုများမရှိကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားခဲ့ပြီး တုံ့ပြန်တိုက်ခိုက်မည်ဟု ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



## ကိုင်ရိုမြို့လယ်ရှိ ပင်မရထားဘူတာရုံတွင် မီးလောင်မှုဖြစ်ပွား လူ ၂၀ ထက်မနည်း သေဆုံးပြီး ၄၀ ဒဏ်ရာရ

**ကိုင်ရို ဖေဖော်ဝါရီ ၂၇**

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုမြို့လယ်ရှိ ပင်မရထားဘူတာရုံတွင် ဖေဖော်ဝါရီ ၂၇ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၂၀ ထက်မနည်း သေဆုံးပြီး ၄၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အီဂျစ်အစိုးရပိုင် နိုင်းလ် ရုပ်မြင်သံကြားသတင်း၌ ဖော်ပြသည်။



ရထားတစ်စင်းက လူသွားစင်္ကြံအား ဝင်တိုက်မိရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

ရာမစ်ဘူတာရုံရှိ လူသွားစင်္ကြံအဆုံးရှိ ကွန်ကရစ်တုံး အတားအဆီးများကို ရထားစက်ခေါင်းက ဝင်တိုက်မိခြင်းဖြစ်ကြောင်း အီဂျစ်သယ်ယူပို့ဆောင်ရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်က ပြောကြားသည်။

ပြင်းထန်သော တိုက်မိမှုကြောင့် အဆိုပါရထားမှ လောင်စာဆီကန် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရကြောင်း အီဂျစ်အစိုးရ အာရမ်သတင်းဝက်ဘ်ဆိုက်သို့ လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

ပေါက်ကွဲမှုသည် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း၊ ခန္ဓာကိုယ်များ မီးစွဲလောင်နေသည့် လူနှစ်ဦးသည် ရထား၏ ပြတင်းပေါက်မှ လွင့်ထွက်လာသည်ကို မိမိမြင်တွေ့ရကြောင်း အခင်းဖြစ်ချိန်၌ ဘူတာရုံတွင်ရှိနေသည့် အလီကမဲလ်အမည်ရှိ ခရီးသည်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်များ ဒါဇင်များစွာ အလျင်အမြန်ရောက်ရှိလာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမတော်တဆမှု၌ သေဆုံးသွားသည့်သူများ၏ ရုပ်အလောင်းများမှာ မီးလောင်ကျွမ်းခံထားရကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူအများစုမှာ ဒုတိယအဆင့် သို့မဟုတ် တတိယအဆင့်ရှိသည့် မီးလောင်ဒဏ်ရာများ ရရှိကြပြီး စိုးရိမ်ဖွယ် အခြေအနေရှိကြောင်း ဆရာဝန်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**အေအက်ဖ်ပီ**

## နီပွန်အဖွဲ့အစည်းဥက္ကဋ္ဌအား အိန္ဒိယအစိုးရက ဂန္ဒီငြိမ်းချမ်းရေးဆုချီးမြှင့်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၇**

အိန္ဒိယအစိုးရက ဂန္ဒီငြိမ်းချမ်းရေးဆုကို အနာကြီးရောဂါသည်များအား စေတနာရှေ့ထားကာ ဆေးကုသမှုပေးပြီး ပြုစုစောင့်ရှောက်လျက်ရှိသည့် ဂျပန်အဖွဲ့အစည်းတစ်ခု၏ အကြီးအကဲအား ပေးအပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်က ဂန္ဒီငြိမ်းချမ်းရေးဆုပေးအပ်ပွဲ အခမ်းအနားကို နယူးဒေလီမြို့တွင် ကျင်းပရာ နီပွန်အဖွဲ့အစည်းဥက္ကဋ္ဌ ယိုဟီဆာဆာကာဝါက အဆိုပါဆုကို လက်ခံခဲ့သည်။ အခမ်းအနားသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အနာကြီးရောဂါတိုက်ဖျက်ရေး စေတနာရှင်သံအမတ်ကြီးဖြစ်သူ ယိုဟီဆာဆာကာဝါသည် နှစ်ပေါင်း ၄၀ ကျော်တိုင်တိုင် အနာကြီးရောဂါသည်များအား ကူညီစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် အနာကြီးရောဂါသည် အရေအတွက် အများဆုံးရှိသည့်နိုင်ငံဖြစ်သည်။ နှစ်စဉ် ရောဂါကူးစက်ခြင်းခံရသူ ၁၃၀၀၀၀ ခန့် ရှိသည်။

ဆာဆာကာဝါသည် အိန္ဒိယနိုင်ငံသို့ မကြာခဏလာရောက်ကာ အနာကြီးရောဂါသည်များအား ကူညီထောက်ပံ့မှုပေးပြီး ရောဂါသည်များအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိစေရန် စိတ်ဓာတ်ပျိုးထောင်မှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် အနာကြီးရောဂါသည်များအား ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့်လှုပ်ရှားမှုများတွင်လည်း ပါဝင်ခဲ့သည်။

ထို့ကြောင့် အနာကြီးရောဂါသည်များ၏ ဘဝရှေ့ရေးကို မြော်တွေးကာ ၎င်း၏ ကိုယ်ကျိုးစွန့်အနစ်နာခံသည့်စိတ်ဖြင့် တာဝန်ကျေပွန်စွာထမ်းရွက်ခြင်းကြောင့် ဆာဆာကာဝါအား ဂန္ဒီငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရက ဂန္ဒီငြိမ်းချမ်းရေးဆုကို ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်လုပ်ဆောင်နိုင်စေရန် ကူညီထောက်ပံ့သည့်အနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း ဆုချီးမြှင့်လျက်ရှိသည်။ ဂန္ဒီငြိမ်းချမ်းရေးဆုရရှိခဲ့သူများအနက် တောင်အာဖရိကသမ္မတ နယ်ဆင် မန်ဒဲလ်လားလည်း ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းဆောင်ရွက်ရန်အတွက် သတိပေးချက် ထုတ်ပြန်ကြေညာ


**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၁၉ ခုနှစ် မတ် ၃ ရက်မှ ၁၈ ရက်အထိကာလအတွင်း ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်း(Combined Fleet Exercise)နှင့် လက်နက်များ လေ့ကျင့်ပစ်ခတ်ခြင်းများအား ကိုကိုးကျွန်းအနီးရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point AA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ Point BB မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ်၊ Point CC မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ Point DD မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ်စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်း(Combined Fleet Exercise)Sea Shield-2019 ပြုလုပ်မည့် ဧရိယာပြပုံ




# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၅) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၅)ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁-၃-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၅)တွင် "အော်ဂဲနစ်သီးနှံများ ရွေးချယ်စားသုံးမှုမြင့်တက်၊ မြေပဲသီးနှံကို ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင်၊ စပါးအထွက်တိုးစေလိုလျှင် လယ်သမားကြီးများ သတိပြုပြင်စေချင်၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေများပေးဝေ"စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ပေါင်ပုပ်၊ လက်ပုပ်ရောဂါ၊ သိုးမွေးမြူရေးလုပ်ငန်းကို စနစ်တကျလုပ်ဆောင်ခြင်းဖြင့် အောင်မြင်သော စီးပွားရေးအဖြစ် ရပ်တည်နိုင်မည်၊ သဘာဝနည်းဖြင့် ရွှေဝါငါးကြင်းသားဖောက်ခြင်း စာတွေ့လက်တွေ့သင်ကြားပို့ချ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အကျိုးသက်ရောက်မှုရှိသည့် မွေးမြူရေးဆိုင်ရာ အကြံဉာဏ်များ ရယူရန်လိုအပ်"စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "နွေစပါးရေပေးဝေရေး၊ ရေရရှိရေးအတွက် ဆည်မြောင်းဌာနနှင့် တောင်သူများ၏ အခက်အခဲများ" ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "ဖျူငယ်လေး" ပုံပြင်၊ "စာဖတ်နာမှ ရွာနာသက်သာမည်၊ မိခင်ရန့်သင်းပျံ့သူ"စသည့် သုတရသ ဆောင်းပါးများ၊ "နွေကာလအပူရှပ်ခြင်းနှင့် ခရမ်းလွန်ရောင်ခြည်သင့်ခြင်း ပြဿနာများ၊ မရမ်းသီးနှင့် ကျန်းမာရေး၊ ကာကွယ်ဆေးလွှမ်းခြုံခြင်းဖြင့် ဝက်သက်ရောဂါ ကာကွယ်ကြပါစို့"စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက်စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။




◯ **မြန်မာယူ ၁၆ မှ**

နောက်တန်းကို ထောင့်ကန်ဘောမှ သုံးဂိုးအထိ သွင်းယူခဲ့သည်။ ၁၀ မိနစ်တွင် တရုတ်အသင်းဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ရှီကျိုးမင်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပြုဆင်းသွားပြီး တောင်ပံကစားသမား ကျန်ချင်ကျင်းက ၁၇၊ ၂၀၊ ၂၃ မိနစ်တွင် ဂိုးများ ဆက်တိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် တစ်ဂိုးသာထပ်ပေးခဲ့ရပြီး ၆၁ မိနစ်တွင် ရှီယိုက ပဉ္စမဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းက ဖိလစ်ပိုင်အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စုဒုတိယနေ့ကို မတ် ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဖိုးသော်ဇင်**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော

**မင်းတပ် ဖေဖော်ဝါရီ ၂၇**

ချင်းပြည်နယ် မင်းတပ်မြို့တွင် အမျိုးသမီးငယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ပြုလုပ်ခဲ့ သည်။

အမျိုးသမီးငယ်များအနေဖြင့် လူကုန်ကူးခံရသည့်အကြောင်းရင်း၊ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် သတိပြုဆင်ခြင်ဖွယ်ရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညီညီက လည်းကောင်း၊ အမျိုးသမီးများကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ခရိုင်ကျန်းမာရေးမှူး လက်ထောက်ကျန်းမာရေးမှူး ဒေါ်လောရောင်က လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

"ရွှေပင်နားမှ ရွှေကျေး"
ဂုဏ်ထူးဦးသိန်းနိုင်
● ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
● ပညာရေးဘော်ဒါ (၈၊ ၉၊ ၁၀ တန်းများသာ)

မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု
စံပြုအပ်သော အတန်းများဖြစ်သည်။
ကျောင်းပျော်ရေး၊ ပေါင်းသင်းဆက်ဆံရေးကိုမဏ္ဍိုင်ပြုသည့်
ကောင်းမြတ်သည့် အပြုအမူ၊ အလေ့အထကောင်း လေ့ကျင့်ပေးသည်။
ခေတ်မီသင်ကြားရေးကို သုံးသည်။
အင်္ဂလိပ်စကား အခြေခံနိုင်နင်းရေး၊
ပန်းချီ၊ဂီတ၊ကစားခုန်စားတို့နှင့် ပြည့်စုံစေသည်။

အလယ်တန်းအတွက် အထူးအစီအစဉ်
ခေတ်အမီဆုံးနည်းများဖြင့်သာ လေ့ကျင့်ပြီး
ဆရာ၊ ဆရာမတို့က အပျက်အကွက်မရှိ သင်ကြားသည်။
ကွန်ပျူတာ၊ သိပ္ပံလက်တွေ့၊ အင်္ဂလိပ်စာ 4 kills၊
ဂီတ၊ ပန်းချီအစုံအလင် ...

(၁) စည်းကမ်းကို တန်ဘိုးထား လိုက်နာသူတိုင်း လူ့ချွန်လူကောင်းဖြစ်စေရမည်။
(၂) ပညာရည်တိုးတက်မှုအစီရင်ခံစာကို လစဉ် ပေးပို့၍ ညှိနှိုင်းတိုင်ပင်ကြသည်။
(၃) ကြော်ငြာထားသော ဆရာကြီးများအားလုံး နှစ်စ နှစ်ဆုံး အပျက်အကွက်မရှိ သင်ကြားကြောင်း အာမခံစာချုပ် ချုပ်ပေးသည်။ ဝါရင့်လက်ထောက် ဆရာ၊ဆရာမများစွာ Study Guide ဆရာပေါင်းများစွာ အထူးပါဝင်အားဖြည့်ထားသည်။ တပည့်ဝဟိုပြုသင်ကြားနည်းကို သုံးသည်။
(၄) စာသင်ခန်းအတွင်းမှာပင် အပြီးတိုင် နားလည် ကျွမ်းကျင်စေသည်။
(၅) အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းမဟုတ်၊ အသိတရားဖြင့် နွေးထွေးလိုက်လျောစွာ မေတ္တာဖြင့်အုပ်ချုပ်သည်။
(၆) ပညာထိုးဝန်းရိပ်တွင် ခိုလှုံသူတပည့်တိုင်း၏ လိုအပ်ချက်ကို စောင့်ကြည့်အကဲဖြတ်၍ လိုသမျှ ဖြည့်စွက်ပေးပြီး ငြိမ်းချမ်းပျော်ရွှင်စေသည်။
(၇) အဆောင်နေတပည့်တို့ကို သားသမီးများအဖြစ် လက်ခံကာ လိုလေသေးမရှိအောင် ဘက်ပေါင်းစုံမှ စောင့်ရှောက်သည်။ ကိုယ်ရော စိတ်ပါ ကျန်းမာ ချမ်းသာစေသည်။
(၈) ဘော်ဒါနေ ကျောင်းသား၊ကျောင်းသူများအတွက် အဆင့်မြင့်နေထိုင်ရေး ခံတွင်းအတွေ့ဆုံးကိုယ်တိုင်ချက် နံနက်စာ၊ နေ့ ည ထမင်း ဟင်း။ လေ့ကျင့်သင်ကြားရေး အထပ်ထပ် ကိုယ်တိုင်လာရောက်လေ့လာပါ။
(၉) ကျပန်းစကား၊ ဟောပြောပွဲ ၊စကားရည်လုပွဲတို့ဖြင့် လူတလုံး သူတလုံးဖြစ်အောင် လေ့ကျင့်ပေးသည်။

၁၉၉၃ ခုနှစ်ကတည်းက ယနေ့ထိ အစဉ်တစိုက်သင်ကြားပြီး အအောင်မြင်ဆုံးဖြစ်ခဲ့သည်မှာ တစ်နိုင်ငံလုံး အသိပင်။

SKY NET ရုပ်သံ
တက္ကသိုလ်ဝင်တန်း သင်ခန်းစာများကို (၅)နှစ်တိုင်တိုင် ပို့ချနေကြသော Brand Brain Study Camp ပဉ္စမအကြိမ်ထိ တောက်လျှောက်ပို့ချခဲ့ကြသော ဆရာ၊ဆရာမများသာ ဤကျောင်း၌ သင်ကြားကြသည်။

◆ မြန်မာစာ-ဂုဏ်ထူးဦးသိန်းနိုင်
◆ အင်္ဂလိပ်စာ-ဆရာနေအုပ်(စိန်ပေါလ်)
-ဂုဏ်ထူးဦးအောင်ခိုင်
◆ သင်္ချာ-ဒေါက်တာညီညီ(Ph.D)
◆ ရူပဗေဒ-ပါမောက္ခဒေါက်တာထွန်းခင်
◆ ဓာတုဗေဒ-ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
-ဆရာ ဇော်လင်းအောင်
◆ ဇီဝဗေဒ-ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ ဘောဂဗေဒ-စိုင်းစိန်မြင့်အောင်

အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)

အစဉ်အလာ ကြီးမားလှစွာသော
နွေမြန်မာစာ
စာစီစာကုံးတန်းများ
၈၊ ၉ ၊၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။

ကျောင်းသားသစ် လက်ခံပြီ

အ.ထ.က
နွေဒသမတန်း
မတ်လ (၇) ရက် ဖွင့်မည်။

အ.ထ.က အတန်းစုံ
ဧပြီလ (၂၇) ရက် ဖွင့်မည်။

● မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဥက္ကဋ္ဌတံအိမ်ရာ၊ (ORANGE SUPER MART) နှင့်ကပ်လျက် ရွှေနားပန်ဘုရားလမ်း၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄ ၂၀၃၀၇ ၂၇၊ ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၅၆၇၆ ၂၅၄၅



## ပြင်ဦးလွင်မြို့နယ် မြို့ရှောင်လမ်းတွင် ဆီဘောက်ဆာအတွင်းမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ တရားမဝင်သစ်များ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်က ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ရှောင်လမ်းတွင် ရပ်နားထားသည့် YGN-9M/..... တွဲကား(ဆီဘောက်ဆာ) အတွင်းမှ တရားမဝင် တမလန်း၊ ပိတောက်ခြားရွေ ၄၇ တုံး (၈ ဒသမ ၀၈၃၄ တန်)ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ကိုမျိုး**

## ဘားအံ၊ ပြည်ကြီးတံခွန်နှင့် မိုးညိုမြို့နယ်တို့တွင် မီးလောင်မှုများ ဖြစ်ပွား

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေကင်းရွာရှိ နေအိမ်တစ်လုံး ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၂ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရွှေကင်းရွာနေ ဦးအပြောင့်၏ နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဘားအံမြို့နယ်မီးသတ်စခန်းနှင့် စက်မှုဇုန်မီးသတ်စခန်းတို့မှ မီးသတ်ယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသားများ မီးငြိမ်းသတ်ခဲ့ကြရာ လူနှင့် အိမ်မွေးတိရစ္ဆာန်ထိခိုက်မှု မရှိကြောင်းနှင့် မီးပေါ်ဆသူအိမ်ရှင်အား စက်မှုဇုန်နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

**မိုးညို**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ညောင်ပင်ကားယားကျေးရွာတွင် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖန်ခါးပင်အုပ်စု ညောင်ပင်ကားယားကျေးရွာတွင် နေထိုင်သူ ဦးမျိုးညွန့်၏ နေအိမ်ခေါင်မိုးတွင် တင်ထားသည့် ဆိုလာပြား၏ အားသွင်းကြိုးမှ ရှော့ခ်ဖြစ်၍ နေအိမ်အား မီးစွဲလောင်ခဲ့သဖြင့် ကျေးရွာနေပြည်သူ ၅၀ ခန့်က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ **ကိုမင်း(မိုးညို)**

**ပြည်ကြီးတံခွန်**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၉)ရပ်ကွက် ၆၃×၆၄ လမ်းကြား မင်္ဂလာလမ်းနှင့် စံပြလမ်းကြားတွင် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က လျှပ်စစ်မီးခုံ အပူလွန်ကဲ၍ နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္ဓေမီးသတ် ၃၀၊ အရန်မီးသတ် ၇၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၃၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ဇန်းမောက်မြို့နယ်တွင် တရားမဝင် ရွှေသတ္တုတူးဖော်ရာ၌ အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိ

**ဇန်းမောက် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် မံလောင်ပေပင်အုပ်စု သရက်ကုန်းကျေးရွာ မြောက်ဘက်တောအတွင်း၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ဇန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မံစီကြီးနယ်မြေရဲစခန်းမှ နယ်ထိန်း၊ အမှတ်(၂) သတ္တုတွင်းဝန်ကြီးဌာန ဇန်းမောက်မြို့နယ် တာဝန်ခံတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မံလောင်ပေပင်အုပ်စု သရက်ကုန်းကျေးရွာ မြောက်ဘက် တစ်မိုင်ခန့်အကွာ တောအတွင်း၌ တရားမဝင် ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ ကွင်းဆင်းစစ်ဆေးခဲ့ရာ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဝီလင်း ၂၅ ကောင်အင်ဂျင် ငါးလုံး၊ ချန်ချိုင်း ၂၅ ကောင်အင်ဂျင် လေးလုံး၊ ချန်ချိုင်း ၂၅ ကောင်အင်ဂျင် တစ်လုံး၊ ၄၁၀ လေးလုံးထိုးအင်ဂျင် တစ်လုံးတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

**ဝ၆၃**





## တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တစ်ပတ်အတွင်း တရားမဝင်သစ် ၃၂၀ ဒသမ ၆၅၀၂ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်း တရားမဝင်သစ် ၃၂၀ ဒသမ ၆၅၀၂ တန် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် သစ်တောထွက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအဖြစ် ကျွန်းပွတ်လုံးသုည ဒသမ ၂၇၂၂ တန်၊ လုံးပတ်သုံးပေအောက်သစ် ၇ ဒသမ ၀၂၇၄ တန်၊ မျှင်ဝါး အလုံး ၂၁၅၀၊ အင်ပကာထင်း ၁၁ ဒသမ ၄၄၆၃ တန်၊ အင်ပကာခွဲခြမ်း ၉ ဒသမ ၉၈၀ တန်၊ မီးသွေး ၂၃ ဒသမ ၃၆ တန်၊ အင်ဂျင်နှစ်လုံး၊ လွှဝိုင်းသုံးဝိုင်း၊ ချိန်းဆောတစ်လက်၊ တာယာဘီးတပ်လှည်းတစ်စီး၊ ယာဉ် ၁၁ စီးနှင့် ပြစ်မှုကျူးလွန်သူ ၂၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ကိုမျိုး**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၅ သန်း)ရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းနှင့် ကားအပိုပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မန္တလေးမဟာသင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်နေပြည်သူများပျော်ရွှင်စွာ ရေကစားနိုင်ရေး မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်အတွက် ကြိုဆင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၉ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်ကို လမ်း ၈၀၊ ၁၂ လမ်းမှ ၂၆ လမ်း အတွင်း မဏ္ဍပ်ကြီးများ၊ ၁၂ လမ်း၊ ၇၆ လမ်းမှ လမ်း ၈၀ အတွင်း နှစ်လက်မရေစုပ်စက်ဖြင့် မိသားစုရေကစားနိုင်မည့်နေရာ၊ ၁၂ လမ်း၊ ၆၆ လမ်း မှ ၇၆ လမ်းအတွင်း မဏ္ဍပ်ကြီးများ၊ ၆၆ လမ်း၊ ၁၂ လမ်းမှ ၁၉လမ်းတွင် လမ်းလျှောက်သင်္ကြန်၊ ၁၉ လမ်းမှ ၂၃ လမ်းအထိ နေ့ ညဈေးတန်းပါ တေသင်္ကြန်၊ ၂၃ လမ်းမှ ၂၆ လမ်းအထိ လမ်းလျှောက်သင်္ကြန်၊ ၂၆ လမ်းမှ ၆၈ လမ်းအထိ တိုင်းရင်းသားရေကစားမဏ္ဍပ်များ၊ ၆၈ လမ်းမှ ၇၁ လမ်းအထိ လမ်းလျှောက်သင်္ကြန်၊ ၇၄ လမ်းမှ ၇၈ လမ်းအထိ လမ်းလျှောက်သင်္ကြန်အတွက် နေရာများလျာထားသည်။

မဟာအောင်မြေမြို့နယ် မနော်ရမ္မ ပြည်သူ့ရင်ပြင်တွင်လည်း မဏ္ဍပ်တည်ဆောက်ပြီး သံချပ်ပြိုင်ပွဲ၊ ယိမ်းအကပြိုင်ပွဲများ ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၂ သိန်း၊ တတိယဆု ကျပ် ၁၀ သိန်းနှင့် အထူးဆု ခုနစ်ဆုအတွက် တစ်ဆုလျှင် ကျပ် ငါးသိန်းစီ ချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မြဝါးရုံနွေဦးရေသဘင်ပွဲတော် ပုသိမ်တက္ကသိုလ်တွင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပုသိမ်တက္ကသိုလ် ဒုတိယအကြိမ်မြောက် မြဝါးရုံနွေဦးရေသဘင်ပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီက ပုသိမ်တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ရေသဘင်ပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လျှပ်စစ်လမ်းပန်းစက်မှုလက်မှုဝန်ကြီး ဦးဝင်းငွေး၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးတို့က ရေသဘင်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စတုဒိသာကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ပုသိမ်တက္ကသိုလ် ဒုတိယအကြိမ် မြဝါးရုံနွေဦးရေသဘင်ပွဲတော်တွင် အဆိုတော် G latt၊ နန်းစုရတီစိုး၊ DJ bunny၊ နာမည်ကြီး အဆိုတော်များနှင့် ပုသိမ်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာ သင်္ကြန်တေးသီချင်း အဆိုအကများ၊ ခေတ်ပေါ်အက အလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ရေပက်ကစားခဲ့ကြကြောင်း သိရသည်။

**ပုသိမ်ခရိုင်(ပြန်/ဆက်)**



# ဘားအံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်လယ်မြေများအတွက် မျိုးစပါး ၂၅၁၃၃ တင်း ထောက်ပံ့

**ဘားအံ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် မိုးရွာသွန်းမှုများပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးလယ်မြေ ၂၅၁၃၃ ဧကရှိခဲ့ရာ လာမည့်မိုးစပါးစိုက်ပျိုးကာလတွင် စိုက်ပျိုးနိုင်ရေးအတွက် ထိုင်ဝမ် ပရဟိတအဖွဲ့မှ မြန်မာချီကျိဖောင်ဒေးရှင်းပရဟိတအသင်း မာစတာဝွမ်း ဦးဆောင်သောအဖွဲ့သည်ဖေဖော်ဝါရီ၂၅ ရက် နံနက် ၈ နာခွဲက ဘားအံမြို့နယ် ဝါးဆူးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တောင်သူများအား မျိုးစပါးများ ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြည်နယ်အတွင်းရေကြီးမှုကြောင့် စပါးစိုက်ခင်းများ ပျက်စီးမှုအခြေအနေနှင့် ပြန်လည်ထူထောင်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြီး ချီကျိဖောင်ဒေးရှင်းပရဟိတအသင်းမှ တာဝန်ရှိသူများက ထောက်ပံ့လှူဒါန်းပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တောင်သူများအား မျိုးစပါးများ ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်း မိုးစပါးစိုက် ၃၄၀၄၂၁ ဧကတွင် ရေကြီးနစ်မြုပ်ခဲ့မှု ၅၄၅၁၉ ဧကတွင် ပျက်စီးမှု ၁၀၄၉၈ ဧကရှိခဲ့ရာ ချီကျိဖောင်ဒေးရှင်းပရဟိတအသင်းအနေဖြင့် ဘားအံမြို့နယ်တွင် မိုးစပါးပျက်စီးမှု ၂၅၁၃၃ ဧကအတွက် မိုးရာသီမိုးစပါးစိုက်ပျိုးနိုင်ရန် ဆင်းသုခမျိုးစပါး ၂၅၁၃၃ တင်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရန်ကုန်မြို့ပတ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ ရထားလမ်းကူးများပြုပြင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြို့ပတ် အပြင်ပတ်လမ်းဖြစ်သောမြို့ပတ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ ရန်ကုန်မြို့ပတ်ရထားလမ်းကူး Level Crossing များပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှစတင် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၏ အပြင်ပတ်လမ်းဖြစ်သော ရန်ကုန်မြို့ပတ် အရှေ့ခြမ်းရှိ တည်းကုန်းနှင့် ဂေါက်ကွင်းလမ်းကူးနေရာ၊ အစာစပ်စက်ရုံလမ်းကူးနေရာ၊ မွေးမြူရေးခြံလမ်းကူးနေရာ၊ ခရေပင်လမ်းကူးနေရာ၊ ရန်ကုန်မြို့ပတ်အနောက်ခြမ်းရှိ အုတ်ကျင်းဘူတာလမ်းကူးနေရာ၊ ရွာမကျောင်းလမ်းနှင့် ဆေးဝါးစက်ရုံလမ်း(ကြို့ကုန်း) လမ်းကူးနေရာ၊ ကမာရွတ်ဘူတာလမ်းနှင့် ပေါ်ဆန်းမွှေး လမ်းကူးနေရာတို့ဖြစ်သည်။

မြန်မာ့မီးရထား တိုင်းအမှတ် (၇) မန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်က “ ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုပြီးတာနဲ့ ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာရှိတဲ့ Level Crossing ၂၅ နေရာမှာ အချက်ပြစနစ်ကိုပါ ပြောင်းလဲပြုပြင် ဆောင်ရွက်သွားမှာပါ၊ ရထားအချက်ပြစနစ် ပြောင်းလဲပြီးရင်လည်း ရထားက သတ်မှတ်ထားတဲ့ နေရာကိုရောက်တာနဲ့ ဂိတ်ဘဲလ်တွေက အော်တိုအသံမြည်လာပြီး မောင်းတံကအော်တိုကျလာပါလိမ့်မယ်၊ အချက်ပြစနစ်က ကားလမ်းဘက်ကိုလည်း အချက်ပြနေပါလိမ့်မယ်၊ ရထားထွက်တာနဲ့ မောင်းတံက အော်တို ပြန်ဖွင့်ပါလိမ့်မယ်၊ မြန်မာ့မီးရထားအနေနဲ့ Level Crossing အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအပြင် JICA ရဲ့ အစီအစဉ်နဲ့ မြို့ပတ်တစ်ပတ်လုံးကို ခြံစည်းရိုးကာပြီး လူဖြတ်ကူးတဲ့နေရာတွေကိုပါ လူကူးခုံးကျော်တံတားများကို ဆောက်လုပ်သွားဖို့ရှိပါတယ်”ဟု ရှင်းပြသည်။

ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြုပြင်ဆောင်ရွက်ပြီးစီးပါက ရထားပြေးဆွဲမှု တစ်နာရီလျှင် ၆၀ ကီလိုမီတာနှုန်းဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်မြို့ပတ်တစ်ပတ်ရထား ပြေးဆွဲကြာချိန်မှာ ၂ နာရီ ၅၀ မိနစ်ကြာမြင့်သော်လည်း ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရန်ကုန်မြို့ပတ်တစ်ပတ်ရထား ပြေးဆွဲကြာချိန်အား ၁ နာရီ ၅၀ မိနစ်အတွင်း ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပွင့်သစ္စာ**

# ရန်ကုန်စည်ပင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်တွင် ပြုလုပ်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများအလိုက် မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မဲဆန္ဒနယ် ခြောက်ခုသတ်မှတ်ထားကြောင်း သိရသည်။

မဲဆန္ဒနယ်မြေများမှာ မဲဆန္ဒနယ်(၁)တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်ၤန်းကျွန်း၊ မဲဆန္ဒနယ်(၂)ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များ၊ မဲဆန္ဒနယ်(၃) ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်နှင့် ရန်ကင်းမြို့နယ်များ၊ မဲဆန္ဒနယ်(၄) ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင် ၊ မင်္ဂလာတောင်ညွန့်၊ ဒလ၊ သာကေတ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များ၊ မဲဆန္ဒနယ်(၅) လှိုင်သာယာနှင့် အင်းစိန်၊ မဲဆန္ဒနယ်(၆) မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာမြို့နယ်များဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲဆန္ဒရှင်တစ်ဦးလျှင် မြို့တော်စည်ပင်သာယာရေးကော်မတီဝင်အတွက်တစ်မဲ၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌအတွက်တစ်မဲ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင်(၁)အတွက်တစ်မဲ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင်(၂) အတွက် တစ်မဲ စုစုပေါင်း လေးမဲပေးရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ မဲဆန္ဒနယ်မြေများရှိ ရပ်ကွက်အလိုက် မဲဆန္ဒပေးပိုင်ခွင့်ရှိသူများစာရင်းကို ၂၇-၂-၂၀၁၉ ရက်နေ့မှ ၅-၃-၂၀၁၉ ရက်နေ့အထိ ရပ်ကွက်အသီးသီးရှိ စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်၍ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်များအလိုက် မဲစာရင်းတွင် ပါ၊ မပါ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ဆူညံအိတ်ဇောတပ်ဆိုင်ကယ် မောင်းနှင်သူများအား အရေးယူ

**ရွှေဘို ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဆူညံအိတ်ဇောတပ်ဆိုင်ကယ်များ၊ သုံးယောက်စီးနင်းသူများနှင့် ဦးထုပ်မဆောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန် အသိပညာပေးဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဇံ က ပြောသည်။

ရွှေဘိုမြို့ အလောင်းဘုရားကြေးသွန်းရုပ်တုအနီး၊ လမ်းလေးခွမီးပွိုင့်၊ မြန်မာ့ရှေ့ဆောင်ဘဏ်ရှေ့တို့၌ စစ်ဆေးခဲ့ရာ စုစုပေါင်း ၂၅ စီး အရေးယူခဲ့ကြောင်း အမှတ်(၁၁၄) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးညီညီလွင်ထံမှ သိရသည်။

**မိုးသောက်(ရွှေဘို)**



ဖေဖော်ဝါရီ ၂၁ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၅) ရပ်ကွက်၊ ၂၈ လမ်း ရပ်ကွက်ဓမ္မာရုံတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ညွန့် ရပ်ကွက်နေပြည်သူ ၅၀ ခန့်အား မှုခင်းအသိပညာပေး၊ ဒုစရိုက်မှုများလျော့နည်းကျဆင်းရေး အသိပညာပေးဆွေးနွေးဟောပြောစဉ်။ ကိုရဲ



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးခိုင်ဦးနှင့် နယ်ထိန်းအရာရှိ ရဲအုပ်တင်ဝင်းထွန်းတို့သည် ဖေဖော်ဝါရီ ၂၃ ရက်က အမှတ် (၃၂ ) ရပ်ကွက် (မထားကွင်းကျူးကျော်တဲ)၌ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ မှုခင်းအသိပညာပေး ဟောပြောစဉ်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## တိုက်ပွဲရှောင် ခိုလှုံရေးစခန်းများသို့ အသုံးအဆောင်ပစ္စည်းများပေးအပ်

**သီပေါ ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အရှေ့တောင်ခြမ်းဒေသမှ ပဋိပက္ခကြောင့် တိုက်ပွဲရှောင် သွေးချင်းများကို လူသားချင်းစာနာ ထောက်ထား၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သီပေါမွန် စေတနာလူမှုကူညီရေးအသင်းများက အသုံးအဆောင်ပစ္စည်းများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

တိုက်ပွဲရှောင်နေရပ်စွန့်ခွာလာသော ပလောင်တိုင်းရင်းသား ၇၆၃ ဦး တို့အား သီပေါမြို့နယ် မန်လီကျေးရွာ ဘုန်းတော်ကြီးကျောင်း ခိုလှုံရေး စခန်း၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် သီပေါမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့်အဖွဲ့က အအေးဒဏ် ကာကွယ်နိုင်ရန် ခြုံစောင်၊ ခြင်ထောင်၊ မိသားစုသုံး သန့်ရှင်းရေးပစ္စည်းများ၊ ကလေးဝတ်အင်္ကျီ၊ ကိုယ်ဝန်ဆောင်မိခင်သုံးပစ္စည်းများကို ပေးအပ်ပြီး ယင်လုံ သန့်စင်ခန်း များကိုပါ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**



**ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့မရဲစခန်းမှူး ရဲအုပ်မင်းမင်းစိုး ဖေဖော်ဝါရီ ၂၆ ရက်က အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံး၌ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောစဉ်။**

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



## ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရွှေပြည်သာမြို့နယ် အမှတ် (၈) ရပ်ကွက် ကာကွယ်ဆေးထိုး စုရပ် (၂) ဗိုလ်တေဇ ပန်းခြံဓမ္မာရုံ၌ အသက်ကိုးလမှ ၁၅ နှစ်အောက် ကလေးငယ်အားလုံးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်မိုင်နုခင်နှင့် ရပ်ကွက်လူမှုရေးအသင်းအဖွဲ့ တို့ပူးပေါင်း၍ ကလေး ၂၇၈ ဦးအား ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## ရမည်းသင်းတွင် လျှပ်စစ်အခြေခံပညာသင်တန်းဖွင့်

**ရမည်းသင်း ဖေဖော်ဝါရီ ၂၇**

ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ရမည်းသင်း ရွှေသင်းလျှပ်စစ်နှင့် စက်မှုလက်မှုအတတ်ပညာအသင်းတို့ ပူးပေါင်းဖွင့်သည့် လျှပ်စစ်အခြေခံပညာ (ကျေးရွာလိုင်းမင်း) သင်တန်း (၁/၂၀၁၉) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရွှေသင်းဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမ၌ကျင်းပသည်။

သင်တန်းသား ၃၆ ဦး တက်ရောက်၍ သင်တန်းကို ရက်သတ္တပတ်ကြာ ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။ ရမည်းသင်းမြို့နယ်၌ ကျေးရွာပေါင်း ၂၄၇ ရွာရှိ၍ ကျေးရွာ ၁၃၀ လျှပ်စစ်မီးလင်းကာ ကျန် ၁၁၇ ရွာမှာလည်း လျှပ်စစ်မီးလင်းတော့ မည်ဖြစ်သည်။ **တင်ဦး(ရမည်းသင်း)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး မသန်စွမ်း ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ဖြေဆိုမည်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမြင်အာရုံ၊ အကြားအာရုံနှင့် ခန္ဓာကိုယ် မသန်စွမ်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောကြားသည်။

အဆိုပါ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်မှာ လက်ရှိစာရင်းများ အရသာဖြစ်ပြီး ယခုအချိန်ထိ တစ်နိုင်ငံလုံးရှိ မသန်စွမ်း ကျောင်းသား ကျောင်းသူများက ဖြေဆိုရန် လျှောက်ထားမှုများ ရှိနေသေးကြောင်းနှင့် ၎င်းမသန်စွမ်းသူအားလုံးအတွက် ဖြေဆိုရန် သီးခြား စာဖြေခန်းနှင့် အချိန်ပို မိနစ် ၃၀ ပေး၍ ဖြေဆိုခွင့်ပြုထားကြောင်း သိရသည်။

"အမြင်အာရုံ၊ အကြားအာရုံနဲ့ ခန္ဓာကိုယ် မသန်စွမ်းအားလုံးအတွက် သီးခြား စာဖြေခန်းနဲ့ အချိန်ပို မိနစ် ၃၀ ပေးပြီး ဖြေဆိုခွင့်ပြုထားပေမယ့် အမြင်အာရုံနဲ့ ခန္ဓာကိုယ်မသန်စွမ်း ဖြေဆိုမယ့်သူတွေအတွက် တောင်းဆိုမှုတွေ ရှိလာရင် နဝမတန်း ကလေးတွေကကိုယ်စားရေးပေးပြီး ဖြေခွင့်ပြုထားပါတယ်။ ဒါ့အပြင် အကြားအာရုံ မသန်စွမ်းတဲ့ ကျောင်းသား ကျောင်းသူတွေအနက် လူမှုဝန်ထမ်းဌာနက ဖွင့်ထားတဲ့ သင်တန်းကျောင်းတွေက ဝင်ရောက်ဖြေဆိုမယ့်သူတွေကို သက်ဆိုင်ရာ သင်တန်းကျောင်း ဆရာတွေက ကြိုတင်လျှောက်ထားမှုရှိရင် သူတို့ရဲ့ သင်္ကေတဖြစ်တဲ့ sign language နဲ့ အချိန်ပိုပေးထားတဲ့ မိနစ် ၃၀ ထဲကနေ မေးခွန်းကို ရှင်းပြခွင့် ပေးထားပါတယ်၊ ရန်ကုန် အင်းစိန်အကျဉ်းထောင်နဲ့ မန္တလေး အိုးဘိုအကျဉ်းထောင်တွေနည်းတူ တောင်ငူ၊ ဘားအံ၊ မြိတ်နဲ့ သရက် အကျဉ်းထောင်တို့ကလည်း ဖြေဆိုဖို့ လျှောက်ထားလာတဲ့အတွက် အဲဒီနေရာတွေမှာလည်း စာစစ်ဌာနတွေ ဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးမှ ဝင်ရောက်ဖြေဆိုရန် လျှောက်ထားသူပေါင်း ၈၉၀၀၀၀ ကျော်ရှိပြီး ၎င်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၉၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးမှ ၁၂၃၀၀၀ ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၁၉၀၀၀ ကျော် ဖြေဆိုရန်အများဆုံး လျှောက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အနုပညာ



## စေ့စပ်ပြီးနောက်ပထမဆုံးအကြိမ် ပရိသတ်ရှေ့ပေါ်ထွက်လာတဲ့ ဂျနီဖာလောရန့်စ်

ဟောလိဝုဒ်ရဲ့နာမည်ကျော်မင်းသမီး ဂျနီဖာလောရန့်စ်ဟာ ချစ်သူနဲ့ စေ့စပ်ကြောင်းလမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အများရှေ့ပေါ်ထွက်မလာတာ အတော်လေးကြာခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ မင်းသမီးဟာ ဖက်ရှင်ပြပွဲတစ်ခုကိုတက်ရောက်လာခဲ့ပြီး ဒါဟာ စေ့စပ်ပြီးနောက်ပိုင်း အခမ်းအနားတစ်ခုကိုပထမဆုံးအကြိမ်တက်ရောက်တာဖြစ်တယ်လို့ အီးအွန်လိုင်း ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အော်စကာဆုရှင်မင်းသမီး ဂျနီဖာလောရန့်စ်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကပြုလုပ်ခဲ့တဲ့အော်စကာဆုပေးပွဲကိုတက်ရောက်ခဲ့ခြင်းမရှိပေမယ့် ပြင်သစ်ဖက်ရှင်သီတင်းပတ်ကိုတော့လာ ရောက် အားပေးခဲ့တာ တွေ့ရပါတယ်။ မင်းသမီးဟာ ချစ်သူ ကွတ်ခ်မာရွန်နီနဲ့စေ့စပ်ခဲ့ပြီး လတ်တလောဖက်ရှင်ပြပွဲ တက်ရောက်ရာမှာလည်း သူ့ရဲ့ကြီးမားတဲ့စေ့စပ်လက်စွပ်ကို ဝတ်ဆင်လာခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျနီဖာလောရန့်စ်နဲ့ ကွတ်ခ်မာရွန်နီတို့ဟာ ပြီးခဲ့တဲ့ နွေရာသီအတွင်း စေ့စပ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီးနောက် နှစ်ဦးသားညစာအတူစားခဲ့ရာမှာတော့ ဂျနီဖာလောရန့်စ်ရဲ့ စေ့စပ်လက်စွပ်နဲ့ပတ်သက်ပြီး မီဒီယာစာမျက်နှာတွေပေါ်မှာသတင်းတွေဖြစ်ခဲ့ရပါတယ်။ ဂျနီဖာဝတ်ဆင်ခဲ့တဲ့လက်စွပ်ဟာ အတော်လေးသေးနေတာကြောင့် စေ့စပ်လက်စွပ်နဲ့ပတ်သက်ပြီး သို့လောသို့လောဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့်လတ်တလော ပြင်သစ်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ရာမှာ ဝတ်ဆင်လာခဲ့တဲ့ စိန်လက်စွပ်ကတော့ အတော်လေးကြီးမားတာတွေ့ရပါတယ်။ ယင်းစေ့စပ်လက်စွပ်ရဲ့ဘေးမှာ ယခင်ဝတ်ဆင်ခဲ့တဲ့လက်စွပ်လေးလည်း ဝတ်ထားတာတွေ့ရပါတယ်။




နယူးယော့ခ်မှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့တဲ့ The Boy Who Harnessed the Wind ရုပ်ရှင်ပြပွဲသို့ တက်ရောက်လာတဲ့ မင်းသမီး အန်ဂျလီနာဂျိုလီ ကို သူ့ရဲ့ကလေး ခြောက်ဦးနဲ့ အတူတွေ့ရစဉ်။

**အေးပြည့် - စုစည်းသည်**

## ယိုချန်းရဲ့တေးဗီဒီယိုသစ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်တစ်ဦးဖြစ်သူ ယိုချန်းဟာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ်အတွက်တေးဗီဒီယိုကို စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရသိရပါတယ်။



ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၇ ရက်မှာတော့ ယိုချန်းဟာ သူ့ရဲ့တေးသီချင်းသစ် "Slow Dance " အတွက် တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ သူ့ရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်တယ်လို့ သိရပါတယ်။

"Slow Dance"ဟာ ယိုချန်းအနေနဲ့ စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီတေးသီချင်းဟာ ၂၀၁၆ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ ယိုချန်းရဲ့ တစ်ကိုယ်တော် မီနီတေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းလည်းဖြစ်တယ်လို့ သိရပါတယ်။

# ဗုဒ္ဓဂယာအောင်မြေမဟာသို့ ၁၂ ရက်ခရီး

မြင့်စိုး (နတလ)

**ယမုံနာကို မဖြတ်ခဲ့သော်ငြားလည်း**

၁၁ ညအိပ် ၁၂ ရက် ဗုဒ္ဓဂယာခရီးစဉ်ပြီးဆုံး၍ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မွန်းလွဲပိုင်း မြန်မာစံတော်ချိန် ၂ နာရီခွဲသာသာခန့် အိန္ဒိယနိုင်ငံဂယာလေဆိပ်မှ မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းUB 7002 ဖြင့် ကျွန်တော်တို့အဖွဲ့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ အစားအသောက်များ မကျွေးမွေးသေးမီ အဆင်ပြေပါက သတင်းစာဖတ်လိုကြောင်း လေယာဉ်မယ်လေးအား အကူအညီတောင်းခဲ့ရာ မြဝတီနေ့စဉ်သတင်းစာ တစ်စောင်ယူလာပေးပါသည်။ အလိုလေး... တိုက်ဆိုင်လှပကောလား။ မကြာသေးခင် ရက်ပိုင်းအတွင်းကမှ ကျွန်တော်တို့ အားလုံးသည် ဂင်္ဂါမြစ်၊ သရဖူမြစ်၊ အစီရဝတီမြစ်၊ မဟီမြစ်၊ ဂယာမြစ်၊ နေရဉ္ဇရာမြစ်စသော မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့ကို ကျော်ဖြတ်လျက် သံဝေဇနိယ လေးဌာန၊ အဝိဇဟိတ လေးဌာနရှိသည့်အနက် တာဝတိံသာနတ်ပြည်မှ ပြန်လည်ဆင်းသက်တော်မူရာ သင်္ကဿနဂိုရ်ပြည်မပါ သုံးဌာနတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဖြစ်သည်။ ယမုံနာမြစ်ကိုတော့ မဖြတ်ခဲ့ရချေ။ တိုက်ဆိုင်သည်ဟု နှုတ်မှမြည်တမ်းရေရွတ်လိုက်ရခြင်းမှာ မြဝတီသတင်းစာ မျက်နှာဖုံးတွင် ရေးသားဖော်ပြထားသော ဓမ္မပဒမြတ်ဗုဒ္ဓ၏ အဆုံးအမတရားကြောင့် ဖြစ်သည်။

ဂင်္ဂါ၊ ယမုံနာစသော မြစ်တို့သည် မဟာသမုဒ္ဒရာသို့ ကိုင်းညွှတ်ရသည်သာဖြစ်သကဲ့သို့ မဂ္ဂင်ရှစ်ပါး (အရိယာမဂ်)ကို ပွားများသော ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်သို့ ရှေးရှုသည်သာတည်းဟူ၏။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားပဲဆိုဆို၊ တစ်လေယာဉ်တည်းစီး တစ်ခရီးတည်းသွားပဲပြောပြော ကျွန်တော်တို့အားလုံးသည် နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ကြစေရန် အထောက်အပံ့ဖြစ်စေခြင်းငှာ ဤမည်သော ဗုဒ္ဓဂယာခရီးစဉ်ကို စိတ်ကူးကြံဆ ညှိနှိုင်းတိုင်ပင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

**ကလိန်အောင်မှသည် ဗုဒ္ဓဂယာဆီသို့**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့တွင် သက်တော် ၉၁နှစ်ရှိ သီလရှင်ဆရာကြီး ဒေါ်ဓမ္မထေရီ(အဖွားရှင်)သည် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဇနီးဒေါ်ဝင်းဝင်းမော် မိသားစုတို့က သီလရှင်ဆရာကြီး စေတီများတည်ထားရာ အောင်သီရိကုန်းမြေတွင် ဓမ္မာရုံတစ်ခု ဆောက်လုပ်လှူဒါန်းကာ စစ်တက္ကသိုလ်အမှတ်စဉ် ၂၂ မိသားစုအားလုံးလည်း သိမ်တော်တစ်ခုဆောက်လုပ်၍ ပါဝင်လှူဒါန်းခဲ့ကြသည်။ ဓမ္မာရုံအုတ်မြစ်တော်စီရန် မြေကြီးလုပ်ငန်းများ ဆောင်ရွက်စဉ် မုဒြာအမျိုးမျိုးဖြင့် သွန်းလုပ်ထားသော ရှေးဟောင်းဘုရားကြေးဆင်းတုတော် ၂၂ ဆူ တူးဖော်ရရှိခဲ့၍ ကျွန်တော်တို့ အမှတ်စဉ် ၂၂ မိသားစုအားလုံး ဝမ်းမြောက်နှမော်သာစုခေါ်ခဲ့ကြရသည်။

အဆိုပါ သိမ်နှင့် ဓမ္မာရုံရေစက်ချပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြပြီးနောက် လိုက်ပါသူမိသားစုအားလုံး မောင်းမကန်၌ ညစာအတူစားကြစဉ် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်မည့် စိတ်ကူးအစီအစဉ် စတင်ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ မိမိတို့အပတ်စဉ်မှ တိုက်ပွဲ ကျဆုံး၊ ကွယ်လွန်သူများ၏ မိသားစုများအပါအဝင် ဒဏ်ရာရသူငယ်ချင်းများကိုလည်း ဝိုင်းဝန်းဖေးကူ၍ အိန္ဒိယနှင့် နီပေါနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားကြမည်။


ဒေါ်သဇင်မြင့်အောင်၏ အောင်ချမ်းသာ ဘုရားဖူး Tours အဖွဲ့နှင့် ညှိနှိုင်းချက်အရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း သွားဖြစ်မည်။ သည်ကြားထဲမှာ လိုအပ်သော Passport ကိစ္စ၊ ကိုယ်ရေးအချက်အလက်များ ပေးပို့ရန်ကိစ္စများကို ဦးဝင်းမြင့်၊ ဦးမျိုးဝင်း၊ ဦးဇော်ဝင်းအောင်တို့က ဦးဆောင်ဦးရွက်ပြု၍ စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ခရီးစရိတ်ကုန်ကျမည့်ငွေကို တတ်နိုင်သူများက အပြည့်အဝထည့်၍ ကျန်သော တိုက်ပွဲကျဆုံး၊ ကွယ်လွန်သူငယ်ချင်းများ၏ မိသားစုဝင်များ၊ ကျန်းမာရေးမကောင်းသူများအခက်အခဲမရှိစေရန် အတွက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသိန်းဦး၊ ဦးကောင်းစံဦးနှင့် ဗိုလ်ချုပ်တင်ထွန်းအေး(ငြိမ်း)တို့က အလှူငွေများ ထည့်ဝင်ပေးခဲ့သည်။ သည့်အတွက်ကြောင့် ကျွန်တော်တို့အဖွဲ့တွင် ဆရာကြီးဒေါ်ဓမ္မထေရီနှင့် သား ဦးပဉ္စင်းဦးကောသလ္လ၊ ဗိုလ်လောင်းအမှတ် ၁၉၆၆၊ တပ်မတော်(ရေ)တွင် အမှုထမ်းပြီးမှ ပဉ္စင်းခံကာ (၂၄) ဝါ ရနေပြီဖြစ်သော ဦးဇာဂရ၊ သူငယ်ချင်း ၃၂ ဦးနှင့် ဇနီးသားသမီး မိသားစုဝင် ၅၀ စုစုပေါင်း ၈၅ ဦး ပါဝင်ပါသည်။ ဒေါက်တာသန်းသန်းမြင့်၊ ဒေါက်တာပိုက်ထွေးချို၊ ဗိုလ်မှူးကြီး ဒေါက်တာတင်မိုးသန်းတို့ လိုက်ပါလာသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပူစရာမလိုတော့ပါ။ အောင်ချမ်းသာ Tour ကလည်း ဆေးဝါးအစုံအလင် ယူဆောင်လာပါသည်။ မိုင်းထိဒဏ်ရာ အသီးသီးရထားသောကြောင့် ခြေထောက်တစ်ဖက်စီ စွန့်လွှတ်ခဲ့ရသူ ဦးလွင်နိုင်ဝေနှင့် ဦးတင်ဦး၊ ခြေဖျားပိုင်း ဖြတ်တောက်ခဲ့ရသည့် ဦးဆန်နီအောင်တို့ လိုက်ပါလာနိုင်ခြင်းကလည်း ကျွန်တော်တို့၏ စည်းလုံးညီညွတ်မှုကို ပို၍ခိုင်မာစေခဲ့သည်။ လမ်းခရီးတစ်လျှောက် ဖေးကူလက်တွဲ စောင့်ရှောက်ခဲ့ကြသည်။ သည်ခရီးစဉ်အတွက် အချိန် တစ်နှစ်နှင့် သုံးလခန့်ဟူ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း၊ သမဝါယမတန်ဆောင်း၌ အောင်ချမ်းသာဘုရားဖူးအဖွဲ့ MD ဒေါ်သဇင်မြင့်အောင်က ခရီးစဉ်နှင့် ဆောင်ရန်-ရှောင်ရန်တို့ကို ရှင်းလင်းပြောကြားပါသည်။ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ယင်းတန်ဆောင်း၌ပင် လှူဖွယ်ပစ္စည်းများနှင့် ခရီးဆောင်အိတ်ကြီးများအပ်နှံကြသည်။ ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာတော့ မြန်မာအမျိုးသား လေကြောင်းပိုင် UB7001 ခရီးစဉ်ဖြင့် နံနက် ၁၁နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ဂယာလေဆိပ်သို့ ထွက်ခွာခဲ့ကြသည်။ ရန်ကုန်မှ ဂယာခရီးစဉ်သည် ခန့်မှန်းမိုင် ၈၀၀ ကျော်ခန့် ကွာဝေးပြီး လေယာဉ်ပျံသန်းချိန် ၂ နာရီခန့်ကြာမြင့်ပါသည်။ ဒေသစံတော်ချိန်အရ မြန်မာနှင့် အိန္ဒိယသည် တစ်နာရီကွာခြားနေပေရာ အိန္ဒိယစံတော်ချိန် ၁၂ နာရီ စွန်းစွန်းမှာ ဂယာလေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြသည်။



**မဟာဗောဓိစေတီတော်မြတ်ကို ဦးခိုက်ခဲ့ကြ**

ဂယာမြို့အထိကတော့ အောင်ချမ်းသာဘုရားဖူးအဖွဲ့တွင် ၁၄၉ ဦး ပါဝင်နေပါသည်။ ကျွန်တော်တို့ အဖွဲ့မှ သံဃာတော် နှစ်ပါး၊ သီလရှင်ဆရာကြီး တစ်ပါး၊ လူပုဂ္ဂိုလ် ၈၂ ဦးတို့က ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာနကို မှန်လုံယာဉ်ကြီး သုံးစီးဖြင့် လက်ယာရစ် ခရီးစဉ်အတိုင်း လှည့်လည်ဖူးမြော်ကြမည်။ အခြား ၆၄ ဦးတို့က ယာဉ်ကြီးနှစ်စီးဖြင့် လက်ဝဲရစ်လှည့်လည်ကာ နီပေါနိုင်ငံရှိ ဗုဒ္ဓဖွားတော်မူရာ လုမ္ဗိနီ၌ ပြန်ဆုံရန် ဖြစ်သည်။ ဂယာသို့ ရောက်သည့်နေ့ ညနေ ၅ နာရီခွဲ အချိန်မှ စတင်ကာ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဦးခိုက်၍ အဖွဲ့ ငါးဖွဲ့မှ အဖွဲ့လိုက် ကြာသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြသည်။ ဗောဓိဓမ္မရိပ်သာကျောင်းဆရာတော်က ပလ္လင်္ကသတ္တာဟ၊ မုစလိန္ဒသတ္တာဟ၊ ရာဇာယတန သတ္တာဟတည်းဟူသော သတ္တသတ္တာဟဌာနတို့နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ရှင်းလင်းမိန့်ကြားပေးခဲ့သည်။



**မဟာဗောဓိစေတီတော်ကြီးနှင့် မြန်မာနိုင်ငံ**

ယင်းခရီးစဉ်အတွင်း စာရေးသူအနေဖြင့် နေရာဌာနအလိုက် ဟောကြားရှင်းလင်းပေးသော ဆရာတော်များ၏ ဟောကြားချက်များ၊ ခရီးသွားအဖွဲ့ တာဝန်ရှိသူများ၏ ဟောကြားချက်များကို မှတ်သားခဲ့ရသည့် အပြင်ဆရာတော်အရှင်သူမြတ်တို့ရေးသားထားသည့် စာအုပ်များကိုလည်း ဝယ်ယူပူဇော် ဖတ်ရှုခဲ့ရသည်။ ဆောင်းပါးများအားလုံး ရေးသားပြီးချိန်တွင် မှီငြမ်းကျမ်းကိုးစာရင်း ဖော်ပြပေးပါမည်။

ဗုဒ္ဓဂယာဟူသည် ဗုဒ္ဓဘုရားရှင်နှင့် သက်ဆိုင်သော ဂယာဖြစ်၍ ဗုဒ္ဓဂယာဟု ဗုဒ္ဓဘာသာဝင်တို့က သတ်မှတ်ထားသည်။ ဒေသခံဟိန္ဒူဘာသာဝင်တို့ကမူ ဖုတ်ပြိတ္တာများကို အမျှပေးဝေရာဌာန ဖြစ်၍ ဘူတဂယာဟု ညွှန်းဆိုကြသည်။ ဝိသျှနု (ခေါ်) ဗြဟ္မာမင်း၏ ခြေတော်ရာတည်ရှိသည့်ကျောင်းကို အကြောင်းပြု၍ ဗြဟ္မဂယာဟူ၍လည်းကောင်း၊ ဂယာသီသတောင်အနီးတွင် တည်ရှိသောကြောင့် ဂယာဟုခေါ်တွင်ကြောင်း အမျိုးမျိုးသိခွင့်ရလိုက်ပါသည်။ မဟာဗောဓိပင်ပေါ်ထွန်းရာ၊ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူရာ ဗုဒ္ဓဂယာသို့ဘီစီ ၂၆၀ တွင် အသောကမင်းကြီးရောက်ရှိလာခဲ့ပြီး မဟာဗောဓိစေတီတော်ကြီးကို တည်ထားခဲ့သည်။ အေဒီ (၈) ရာစုမှ (၁၂) ရာစုအထိ ပါလမင်းများက ဆက်လက်ထိန်းသိမ်း စောင့်ရှောက်၍ သာသနာတော်ကို ချီးမြှောက်ခဲ့ကြသည်။

မဟာဗောဓိ စေတီတော်မြတ်ကြီးကို ကျန်စစ်သားမင်းလက်ထက် အေဒီ (၁၀၈၄-၁၁၁၂)၌ ပြုပြင်ရန် အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ အေဒီ ၁၁၀၂ ခုနှစ် အလောင်းစည်သူမင်းလက်ထက်တွင် ရခိုင်ဘုရင် လက်ျာမင်းနန်နှင့် ပူးပေါင်းပြုပြင်ခဲ့ရာ အောင်မြင်ပြီးစီးခဲ့ကြောင်း၊ အေဒီ ၁၂၉၅ တွင် ကျော်စွာမင်း၊ အေဒီ ၁၂၉၆ တွင် ရခိုင်ဘုရင်မင်းထီး၊ အေဒီ ၁၅၃၂ တွင် ရခိုင်ဘုရင်မင်းဗာကြီး၊ အေဒီ ၁၈၁၀ တွင် ဘိုးတော်ဦးဝိုင်း၊ အေဒီ ၁၈၇၇ ခုနှစ်တွင် မင်းတုန်းမင်းတို့က အဖွဲ့များစေလွှတ်၍ စေတီတော်ကြီးကို ပြုပြင်မွမ်းမံခဲ့ကြကြောင်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ မှတ်သားသိရှိရပါသည်။ နောက်ဆုံးခရစ်နှစ် ၁၈၈၀ ပြည့်နှစ်တွင် ဗြိတိသျှ-အိန္ဒိယရှေးဟောင်းဌာနက မဟာဗောဓိစေတီတော်မြတ်ကြီးကို အောင်မြင်စွာ ပြုပြင်မွမ်းမံခဲ့ကြောင်း သိရှိခဲ့ရသည်။

(ဆက်လက်ဖော်ပြပါမည်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## ပဋ္ဌာန်းပဋ္ဌာဝါရ ဒေသနာတော်မြတ်ကြီး

ကိုကိုသန်းဝင်းစီစဉ်ရေးသားသည့် ပဋ္ဌာန်းပဋ္ဌာဝါရ ဒေသနာတော်မြတ်ကြီး စာအုပ်ထွက်ရှိလာသည်။

ပဋ္ဌာန်းပဋ္ဌာဝါရ ဒေသနာတော်မြတ်ကြီးကို အများစုမှာ ပူဇော်လိုကြသော်လည်း ခက်ခဲနက်နဲလှသည်ဟု ထင်မြင်ယူဆနေကြသည့်အတွက် မပူဇော်ဖြစ်ကြပေ၊ စာရေးသူအနေဖြင့် မိမိလည်းလေ့လာရင်း အခြားသူများကိုပါ လေ့လာကြစေလိုသော စေတနာဖြင့် ပစ္စယနိဒ္ဒေသကို ရိုးရိုးရှင်းရှင်းဖြင့် လေ့လာနိုင်စေရန် ဇယားဖြင့်ရေးသွင်းဖော်ပြထားသည်။ အဆိုပါ ဒေသနာတော်မြတ်ကြီး အနက်အဓိပ္ပာယ်ဖြင့် ရွတ်ဆိုပါက ပိုမိုအကျိုးများစေသောကြောင့် ဗုဒ္ဓဘာသာဝင်များဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၁-၈၃၉၂၈၃၅နှင့်၀၉-၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**




## စာဏက္ကျနီတိနှင့် သိင်္ဂါလောဝါဒသုတ္တန် ကြီးပွားရေးလမ်းညွှန်

ဒဂုန်ဦးစန်းငွေ စီစဉ်ရေးသားသည့် စာဏက္ကျနီတိနှင့် သိင်္ဂါလောဝါဒသုတ္တန်စာအုပ် ထွက်ရှိလာသည်။

လူတို့၏ဓမ္မတာသည် မိတ်ဆွေ အပေါင်းအသင်းများ ရှိကြသည်ဖြစ်ရာ အချို့သူများသည် အပြောအဆို နှုတ်ချိုသလောက် အတွင်းစိတ် ကောက်တတ်သည်။ မျက်ကွယ်တွင်မူ ပျက်စီးရာပျက်စီးကြောင်း အာမညောင်း လျှာမညောင်း လေဖောင်းဖောင်းနှင့် ပြောဆိုကဲ့ရဲ့ရှုတ်ချတတ်လေသည်။ ထိုကဲ့သို့သော လူစားမျိုးကို ပျားကဲ့သို့နှုတ်ချို၍ ဝမ်းတွင်းစိတ်ဓာတ်က တမာလိုခါးသူဟူ၍လည်းကောင်း၊ အဆိပ်အိုးကြီး၏ နှုတ်ခမ်းတွင် လူးထားသော လှူသကာများဟူ၍လည်းကောင်း ဖော်ပြထားသည်။ ထိုကဲ့သို့ မိတ်ဆွေတု၊ မိတ်ဆွေယောင်များကို ဝေးစွာရှောင်ကြရန်ဖြစ်သည်။

**စာအုပ်ကို ဝင်းမော်ဦးစာပေ၊ အမှတ်-၆၇/၆၉၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၇၀၂မှ တန်ဖိုးငွေကျပ် ၇၀၀ဖြင့် ဖြန့်ချိသည်။**


## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏ (၃)နှစ်ခရီး




ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏ (၃)နှစ်ခရီး စာအုပ်ထွက်ရှိလာသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော်များတွင် ဥပဒေရေးရာလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်အတွက် ကော်မတီ၊ ကော်မရှင်များကို အမည်မျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ဖွဲ့စည်းခဲ့မှု၊ မြန်မာနိုင်ငံတွင်လည်း လွှတ်တော်များကို အထောက်အကူပြုရန်အတွက် ကော်မတီ၊ ကော်မရှင်များကို ဖွဲ့စည်းထားရာ "ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်" ကို ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် စတင်ဖွဲ့စည်းခဲ့မှု၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ပြန်လည်ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်သူများ၏ တင်ပြစာများအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ သုတေသန လုပ်ငန်းဆောင်ရွက်ချက်များကို ရေးသားထားသည်။ ထို့ပြင် ကော်မရှင်သမိုင်းကြောင်း၊ လုပ်ငန်းတာဝန်များ၊ စတင်ဖွဲ့စည်းသည့်အချိန်မှ (၃)နှစ်တာကာလအတွင်း လုပ်ဆောင်ချက်များ၊ ကော်မရှင်က ပြုစုထုတ်ဝေထားသည့်စာအုပ်များ စသည်တို့ကို ဤကော်မရှင်၏မှတ်တမ်းနှင့် သုတေသနအဖွဲ့က ဤစာအုပ်တွင် အသေးစိတ်ပြုစုဖော်ပြထားသည်။


**ဤစာအုပ်ကို Myanmar Heritage Publications ဖုန်း ၀၉- ၉၆၄၂၄၃၈၉၃ မှ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**




## အင်္ဂလိပ်စာ မခက်ပါ (အင်္ဂလိပ်စာရေးနည်းကျမ်း)

အင်္ဂလိပ်စာကို လေ့လာလိုက်စားလိုသူများ အလွယ်တကူ လေ့လာနိုင်စေရန် စာရေးသူ ဦးဝင်းမြင့်ဟန် စီစဉ်ရေးသားသည့် အင်္ဂလိပ်စာမခက်ပါ (အင်္ဂလိပ်စာရေးနည်းကျမ်း) စာအုပ်ထွက်ရှိလာသည်။

**စာအုပ်ကို သင်းစာပေ၊ အမှတ်-၁၀၊ ရတနာမြိုင်လမ်း၊ ၁၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**




## ဟယ်လိုဖေဖေ မေတ္တာပေါင်းကူးခံစားမှုများ

ကလေးသူငယ်များ စာပေကိုလေ့လာလိုက်စားစေရန် မိမိုးစီစဉ်ရေးသားသည့် ဟယ်လိုဖေဖေ မေတ္တာပေါင်းကူးခံစားမှုစာစုများ စာအုပ်ထွက်ရှိလာသည်။

ငယ်ရာကကြီးလာကြသည့် လူကြီးများသည် မိမိတို့ဖြတ်သန်း ကြုံတွေ့ခဲ့ရသည့် ငယ်ဘဝများကို မမေ့သင့်ကြောင်း၊ ကလေးဘဝဆိုသည်က ပျော်ရွှင်စရာပါလို့ လူတော်တော်များများက ပြောကြပေမယ့် ကလေးတွေ၏ဘဝတိုင်းကပျော်စရာတွေကောင်းနေသည်မဟုတ်၊ သူတို့ကြီးပြင်းရာအရပ် ဒေသ၊ သူတို့နေထိုင်ရသည့် ဝန်းကျင်၊ သူတို့နှင့်ဆက်စပ်နေသည့် မိသားစု စသည်တို့အပေါ်တွင် များစွာတည်မှီပြီး ကလေးများ၏ခံစားမှုအားလုံးက ပြောင်းလဲနေရသည်။ ကလေးသူငယ်များနှင့် အနီးစပ်ဆုံးသက်ဆိုင်နေသည့် မိဘ၊ ဆရာသမားများက နားလည်ခံစားမှုပေးနိုင်ဖို့သည် အရေးကြီးပေသည်။

**စာအုပ်ကို ဖြေိုးဦးစာပေ၊ တိုက်-၁၂၊ အခန်း-၆၄၊ ပြည်ရိပ်မွန် (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၀၈၅၀၄၆၄နှင့် ၀၉- ၇၃၀၆၀၂၆၉တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**




## အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန်

ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်ဘာသာတွင် ထူးချွန်စေရန် ဦးအောင်ခိုင်မြင့် စီစဉ်သည့် ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ် -မြန်မာ အိတ်ဆောင်အဘိဓာန် စာအုပ်ထွက်ရှိလာသည်။

စာလုံးရေ ၃၀၀၀၀ ကျော် ပါဝင်သော အဆိုပါ အဘိဓာန်စာအုပ်ကို ဘာသာစကားကျွမ်းကျင်သူများ အဖွဲ့နှင့် အတွေ့အကြုံများသော ဆရာများက ဂရုတစိုက်ရွေးချယ်ထားသည့် စာအုပ်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ရုံးသူ ရုံးသားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ အင်္ဂလိပ်စာနှင့် အစဉ်အမြဲထိတွေ့နေသူများ လက်စွဲပြုသင့်သည့်စာအုပ်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများကိုလည်း ထည့်သွင်းပြုစုထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၁-၈၃၉၂၈၃၅ နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**





## ကြုံရဆုံရပုဏ္ဏကဘီလူးနှင့် ဆန်းကြယ်ဖြစ်ရပ်မှန်များ

မြနန်းရှင် စီစဉ်ရေးသားသည့် ကြုံရဆုံရပုဏ္ဏကဘီလူးနှင့် ဆန်းကြယ်ဖြစ်ရပ်မှန်များစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပြုခဲ့သူထံ ပေးဆပ်ကလဲ့စား၊ သစ္စာကမ္ဘည်း၊ သံသရာစက်ဝန်းထဲမှာ၊ လူခြောက်ကလေး၊ ပဲခူးမယ်တော်ကိုယ်ထင်ပြ၍ စောင့်ရှောက်ခြင်းခံရဖူးသူ၊ ကြုံရဆုံရပုဏ္ဏကဘီလူး၊ ဟော်နန်းစံအိမ်တော်၏ ကျိန်စာဝင်္ကြွေး၊ မမြင်အပ်သောလောကမှ အပေးအယူ၊ သိုက်ပဝါတန်ခိုးနှင့် ဆံတော်ရှင်အစစ်ဖူးခွင့်ရသူ၊ အတိတ်ဘဝက သချိုင်းမြေပုံ ပြန်မြင်သောအခါ၊ အခြားဘဝလည်း သူငယ်ချင်းအနီးမှာ၊ ဂန္ဓာရီယောဂီနှင့် ဘုမ္မိလောက အန္တယ်ဝင်၊ ကိုယ်ပစ်သည့်မြား ကိုယ့်ထံပြန်လာ မိစ္ဆာပညာ၊ ဘီလူးသားအမိ ကျွတ်တန်းဝင်ချိန်စသည့် အကြောင်းအရာတို့ကို ရေးသားထားသည်။

**စာအုပ်ကို ရွှေသစ္စာစာပေ၊ တိုက်-၄၇၂၊ အခန်း-၂၀၂၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၅၃၆၀၇၃၆နှင့် ၀၉- ၃၁၀၃၉၈၈၅ တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ဖြင့် ဖြန့်ချိသည်။**




## Straight As Snake And Selected Short Stories

စာရေးသူ ကိုရိုးကွန့်စီစဉ်ပြီး သားတက်တိုးက အင်္ဂလိပ်ဘာသာပြန်ဆိုရေးသားထားသည့် Straight As Snake And Selected Short Stories စာအုပ်ထွက်ရှိလာသည်။

စာအုပ်အတွဲ(၁)နှင့်(၂)တို့တွင်ပါရှိသော ဝတ္ထုတိုစာမူများအနက် ဖြောင့်ဖြောင့်စင်းစင်း၊ တစ်ခန်းရပ်ဒါန၊ လူကောင်းကိုလူတိုင်း ချစ်ကြသည်၊ ရှုမျှော်ခင်း၊ ပုံမပြောသောအမေ၊ ဗျူဟာ၊ ပြဿနာ၊ ကာပါစီနို၊ ဟုတ်ကဲ့မေမေ၊ သိက္ခာနှင့် ဘဝတစ်ကွေ့စသည့် အကြောင်းအရာများကို အင်္ဂလိပ်စာဖတ်ပရိသတ်များအတွက် ရည်ရွယ်၍ ဘာသာပြန်ဆိုထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို aungpinlemedia@gmail.com မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

# ကျေးဇူးတင် ဂုဏ်ပြုလွှာ

ဟောင်ကောင်မှ Shaw Brothers Pictures International Co. Ltd သည် Line Walker – 2 (Operation Midnight Shadow) ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ လာရောက်ရိုက်ကူးခဲ့ပါသည်။

ထိုသို့ရိုက်ကူးနိုင်ရေးအတွက် ခွင့်ပြုပေးခဲ့သော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ဗဟန်းမြို့နယ်၊ သာကေတမြို့နယ်တို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ၊ ပါဝင်ကူညီပေးကြသော ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်များ၊ ယာဉ်လမ်းကြောင်း ပြောင်းလဲဆောင်ရွက်မှုများအပေါ် သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ၊ YBS ယာဉ်လိုင်းအသီးသီးမှ ယာဉ်မောင်းများနှင့် တာဝန်ရှိသူများ၊ ရိုက်ကွင်းသို့ လာရောက်အားပေးကြည့်ရှုသူ ပြည်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ပူးပေါင်းပါဝင် အားပေးကူညီဆောင်ရွက်မှုများအတွက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ဝမ်းမြောက်စွာ အသိပေးဖော်ပြအပ်ပါသည်။

SHAW BROTHERS PICTURES INTERNATIONAL LIMITED

J.Q. PICTURES HOLDINGS LIMITED

YANGON SYNTHESIS PRODUCTIONS CO.,LTD

PACIFIC Group

# Oramin-F

အမျိုးသမီး အဆင့်မြင့်အားဆေး

Oramin-F ကို ယခင်မူလလက်ဟောင်းပုံစံ ကတ်ခွံအကြည်ရောင် ဆေးလုံးအစိမ်း ပုံစံမှ အသွင်သစ် ကတ်ခွံအစိမ်းရောင် Oramin-F စာတမ်းပါ ဆေးလုံးအညိုရောင် ပုံစံသစ်သို့ ပြောင်းလဲရောင်းချ ဖြန့်ဖြူး၍ Customer များ လက်သို့ ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်ကာလတွင် နဂိုမူလလက်ဟောင်း ပုံစံရော၊ အသွင်သစ် ပုံစံသစ်ရော အမြို့မြို့ အနယ်နယ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါကြောင်း အသိပေးအပ်ပါတယ်။

(၁၀) နှစ် ကျော်တိုင် အမျိုးသမီးများ ယုံကြည်စိတ်ချစွာ သုံးစွဲနေသော Oramin-F သည် မပြောင်းလဲသောအာနိသင်ဖြင့် ပိုမိုကောင်းမွန်တဲ့ဆေး ကတ်ပုံစံသစ်ဖြင့် သုံးစွဲသူမိဘ ပြည်သူများထံ ဖြန့်ဖြူးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

**မပြောင်းလဲတဲ့အာနိသင်၊ မပြောင်းလဲတဲ့အရည်အသွေး၊ လှပတဲ့ဆေးကတ်ပုံစံသစ်နဲ့.....**

**နုပျိုလန်းလက်စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက်**

**'အော်ရာမင်-အက်ဖ်'**




A A Medical Products Ltd.

Medical

(a member of Pacific-AA Group)

Customer Hotline (1): 01-9000674, 9000677-681 (Ext: 100, 200, 300, 400, 203)
Customer Hotline (2): 01-370010 (Ext: 322, 332, 316, 327)

Korean ginseng & royal jelly

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်နှင့် မြင်းခြံတပ်နယ်ရှိ တပ်မတော်အကြီးစားစက်ရုံများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**လှည့်လည်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မကွေးတပ်နယ်ရှိ တပ်မတော်အကြီးစားစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်ခဲ့သည့် TATA Truck မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်ထုတ်လုပ်ရန် တပ်ဆင်ထားရှိသည့် Truck Assembly Line များအားလည်းကောင်း၊ City Bus နှင့် Innlay Jeep ကားများအတွက် လိုအပ်သည့် Gear Box များ ထုတ်လုပ်တပ်ဆင်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်ရုံဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး စက်ရုံဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံမှ Innlay Jeep အတွက် Gear Box များ ထုတ်လုပ်နိုင်ခြင်းအတွက် စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်ရှိ တပ်မတော်အကြီးစားစက်ရုံမှ ထုတ်လုပ်သည့် မော်တော်ယာဉ်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲ အဖွင့်ပွဲတွင် တရုတ်ကို ရှုံးနိမ့်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စု (ခ) ပထမနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ စတင်ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

**တရုတ် ယူ-၁၆ အမျိုးသမီးအသင်း - ငါးဂိုး**

**မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း - ဂိုးမရှိ**

ဘောလုံးဖွံ့ဖြိုးမှုခြင်း ကွာဟပြီး အာရှထိပ်သီးအသင်းတစ်သင်းအဖြစ် ရပ်တည်နေသည့် တရုတ်အသင်းကို မြန်မာအသင်းအနေဖြင့် ယှဉ်ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးပြတ်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်နှစ်ပွဲမှာ ပိုမိုအရေးပါနေပြီး ဘင်္ဂလားဒေ့ရှ်နှင့် ဒုတိယပွဲမှာ ပိုမိုအရေးပါလျက်ရှိသည်။ တရုတ်အသင်းမှာမူ ယခုပွဲအနိုင်ရလဒ်ကြောင့် အုပ်စုပထမရရန် အခြေအနေကောင်းသွားပြီဖြစ်သည်။



တရုတ်အသင်း ဂိုးသွင်းရန်ကြိုးပမ်းမှုကို မြန်မာဂိုးသမားနှင့် နောက်ခံလူတို့ ကာကွယ်နေစဉ်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒဏ်ရာရနေသည့် မေသွေးကိုမှလွဲ၍ မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆောင်းနှင်းဖွေး၊ ခင်မြတ်မိုး၊ ကေကေ၊ ဆုပြည့်ပြည့်ကျော်စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် တရုတ်အသင်းကို ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ရန် ကြိုးပမ်းရာ တရုတ်အသင်း စိတ်ကြိုက်တွေ့သွားပြီး ဟာကွက်များသွားသည့် ခံစစ်ကို အသုံးချကာ ပထမပိုင်းမှာတင် လေးဂိုးသွင်းယူခဲ့သည်။

တရုတ်အသင်းသည် အမြင့်ဘောဖျက်ထုတ်မှုအားနည်းသည့် မြန်မာ စာမျက်နှာ ၁၃ ကော်လံ ၅ သို့

## ကြေးမုံ သတင်းအညွှန်း


**အာဆာအကြမ်းဖက်အဖွဲ့မှ အစုအပြုံလိုက် သတ်ဖြတ်မှုများကို ဖော်ပြသည့် အစီရင်ခံစာများအား လျစ်လျူရှုထား သက်သေအထောက်အထား လုံလောက်စွာ ဖော်ပြမှုမရှိဘဲ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကောက်ချက်ချမှုများ ကန့်ကွက်**

စာမျက်နှာ » ၈

**ရန်ကုန်စည်ပင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမည်**

စာမျက်နှာ » ၁၅

**တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး မသန်စွမ်းကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ဖြေဆိုမည်**

စာမျက်နှာ » ၁၆



ညီညီသန်းနိုင် တည်ထောင်သော

“ရလဒ် ကောင်းဖို့ ကျောင်းကောင်း ရွေးပါ”

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံပါပြီ

[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

ကျောင်း (၁) ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ) မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၉ ၂၅၀၃၁၂၀၂၀၊ ၀၉ ၈၉၄၈ ၄၄၄၈၊ ၀၉ ၈၉၄၈ ၄၄၄၉

ကျောင်း (၂) မင်္ဂလာ ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ) (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၉ ၄၀၀ ၉၈၈ ၉၂၀-၂၅

ကျောင်း (၃) သုမင်္ဂလာ ကိုယ်ပိုင်အထက်တန်းကျောင်း (အထက်တန်း၊ အလယ်တန်း) ၁၀၂၆(ခ)၊ သုမင်္ဂလာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း ၀၁ ၅၇၂ ၆၀၀၊ ၀၉ ၂၅၂၅၃ ၅၅၀၀၊ ၀၉ ၇၈ ၈၂၀ ၅၆၇၅

အဆင့်မြင့် ဘော်ဒါ (KG မှ တက္ကသိုလ်ဝင်တန်း) (၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉၇၉ ၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃

အဆင့်မြင့် စာသင်ဝိုင်း FORWARD (၈ တန်း၊ ၉ တန်း၊ ၁၀ တန်း) ၁၀ တန်း [ဉာဏ်ရည်မြင့် (၉) ယောက်ဝိုင်း] (၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၉ ၈၉ ၄၄၈ ၄၄၄၅